

# ထူပါရုံ

## ဘုရားသမိုင်း

## စစ်ကိုင်းမြို့

# ထူပါရုံဘုရားသမိုင်း

"လယ်တီ–ဦးလှပိုင်"
ပြုစုရေးသားသည်။

သမာဓိ ပုံနှိပ်တိုက်၊ ၃၅-အေလမ်း၊ မန္တလေး။

ပထမ အကြိမ် နှိပ်ခြင်း၊ ၁၉၆၉-ခု။
အုပ်ရေ (၃၀၀၀)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၄၀၄၁)

---

ထုတ်ဝေဖြန့်ချိသူ—
ဦးညွှန့်ရင်၊ မှတ်ပုံတင်အမှတ်(မြဲ-၀၇၂၄)
ညွှန့်-စာပေတိုက်၊ ဈေးလမ်း
စစ်ကိုင်းမြို့။

ပုံနှိပ်သူ —
ဒေါ်ခင်ထွေး၊ မှတ်ပုံတင်အမှတ်(မြဲ-၀၉၅၂)
သမာဓိပုံနှိပ်တိုက်၊ ၃၅-အောလမ်း
မန္တလေး။

"သောတာပန် တည်ကိုန်းဘုရာ့လေး"

xxxxx

မြစ်နဒီ ရောကမ်း့ ဇေယျာနန်း ကျူရုံ၊ တေဇာလျှမ်း(လို့)တဆူဂုဏ်မှာ၊ "ထူပါရုံ"ဘုရား။ နရပတိယင်းအစ ဖန်သည်၊ အင်းဝစံ မင်းမြတ်တည်ထား။ ။

ဣဒ္ဓိပါဒ် တဂိုဏ်းလာသည် နှိုင်းစရာဖယ်ရှား၊ သမိုင်းစာ အဆက်ပွားလိုက်လျှင် ထက်သိကြား့ဝန်းရံ။ ။

ဝိဇ္ဇာမိုရ်-နတ်နဂါးတွေက ထပ်မနား ဦးတိုက်ကြပြန်။ ခြောက်ရောင်ခြည့်-ဘဝဂ်လျှံသည်၊တသက်ပန် ရှည်ကြာရေးကိုလ၊"ဒီပါအေး"ဦးဆောင့်စိမံ ထူးအောင့်ရည်သန်။ ပြည်လုံးညွတ် ဩဘာညံသည်၊ သောတာပန်-တည်ကိန်းဘုရာ့လေး....။

# ထုတ်ဝေသူ၏ အမှာ

ဤထူပါရုံဘုရားသမိုင်း စာအုပ်ကို ထုတ်ဝေရခြင်းသည် ဘတ်ရှုကြသူတို့ ဗဟုသုတ ရစေခြင်းနှင့် ထက်သန်သော သဒ္ဓါပသန္န ဖြစ်ပွားစေခြင်းအကျိုးငှါ ရည်ရွယ်ပါသည်။

အထူးအားဖြင့် ဤသမိုင်းစာအုပ်အပေါ်မှ ရရှိသော အမြတ်ငွေသည်လည်း ထုတ်ဝေသူ အကျိုးခံစားစေဘို့ မဟုတ်မူဘဲ၊ ဘုရား၏အလှူတော်ငွေ သက်သက်သာ လုံးဝ ဖြစ်ကြောင်း ကတိသစ္စာပြုပါသည်။

ဤသမိုင်းစာအုပ်ကို ရေးသားပြုစုပေးပေသော သမိုင်းရေးဆရာ "လယ်တီ ဦးလှပိုင်" အားလည်း ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးညွန့်ရင် (ထုတ်ဝေသူ)
ညွန့်-စာပေ
ဈေးလမ်း - စစ်ကိုင်း။

# သမိုင်း နိဒါန်း။

ဥုံ....မံ, ပါလေတု သူရသတိ။

စစ်ကိုင်းမြို့တွင် ထူပါရုံ စေတီကြီးသည် ပွဲတော်ရ တဆူ ဖြစ်သည်၊ သို့ရာတွင် သမိုင်း တစောင်တဖွဲ့ကား မရှိခဲ့ပါပေ။ ဤ ထူပါရုံနှင့်စပ်၍ ရာဇဝင်, ကျောက်စာ, မော်ကွန်းနှင့် မှတ်စုများ အတော်အသင့်တွေ့ရှိသည်။ ထူပါရုံနှင့်စပ်ရာ သဲလွန်စ များကို နောက်ခံဖြည့်သွင်းလျက် "ဤ ထူပါရုံဘုရားသမိုင်း" ထွက်ပေါ် လာခွင့်ရရှိလေသည်။

ဤ စစ်ကိုင်းမြို့သည် အစဉ် ထွန်းကား စည်ပင်လာသော မြန်မာမှု အနုပညာ လေ့လာစုဝေးရာ, ရာဇဝင်လာ မြို့တမြို့ ဖြစ်သည်။ ကြည်နူးဖွယ် ရှုခင်းသာ တောင်တန်းပတ်လည်တို့သည် မြို့၏ နောက်ခံကားချပ်ကြီးပမာ ဖြစ်သည်။ နေမင်း၏ အလင်း ရောင်နှင့် ဟပ်လျက်နေသော စရပ်တန်ဆောင်း, ကျောင်းများ, ပုထိုး စေတီများ။

ဧရာဝတီမြစ်မကြီးကလည်း မြို့ကို ရစ်ပတ်ကာ တံတိုင်းကြီး ကာဆီးထားသည့်ပမာ ဖြစ်လေတော့ အစဉ်အေးမြနှစ်လိုသော ဥတုရာသီနှင့် ပြည့်ဝနေပေသည်။ လူမျိုးဘာသာမရွေး အလွန် ကြည်နူးနှစ်သိမ့်စေနိုင်သော ဤမြို့သို့ မလာချင်သူလာချင်အောင် ဆွဲဆောင်နိုင်သော အညှို့ဓာတ် ရှိသည်ဟု ဆိုထိုက်သည် မဟုတ် ပါလား—?။

A

# (၁) သမိုင်း နိဒါန်း။

သာသနာတော်၏ပင်မကျောရိုးဟု ဆိုနိုင်သော သာသနိက အဆောက်အဦးများ၊ အဆူဆူသော စေတီ ပုထိုး များသည် ဖူးမြော်ထိတွေ့လာချင်အောင်အသစ်နှုးသကဲ့သို့မဖြစ်စဖူးသော သဒ္ဒါထူး စေတနာထူးများလည်း ပေါ်လာစေခြင်းသည်အထိ ဖြစ်ရုံမက မြို့၏သရဖူ၊ မြို့၏ ကျက်သရေ၊ မြို့၏ အဆင်တန်းဆာ များ ဖြစ်နေပေသည်။

ဤ ထူပါရုံဘုရားသည်လည်း မြို့၏ ကျက်သရေ မင်္ဂလာ သာသနာတော်မြတ်၏ အဆင်တန်းဆာသဖွယ် တည်ရှိ၍ နေပေ သည်။

အခွန့်ရှည်ကြာ တည်တန့်စေရန် မှတ်တမ်းသမိုင်း လိုအပ် နေရာ အခါအခွင့်အားလျော်စွာ ဤသမိုင်းကိုရေးဖြစ်လေတော့ သည်။ ရာဇဝင်လာ အင်းဝခေတ် အပြောင်းအလဲ များကို ဦးတည်လျက် စိတ်ဝင်စားဖွယ် ရှုကွက်ရှုကွင်းများ ပါဝင်စေပြီး လျှင် ဖတ်ချင်စဖွယ် တီထွင် ရေးရခြင်းမှာ အပြောလွယ် သလောက် လက်တွေ့ အလုပ် ထင်သလို မလွယ်ကူလှကြောင်း သမိုင်းပြုစုသူတိုင်း ဝန်ခံကြရပေလိမ့်မည်။

ဘုရားသမိုင်းများကို ပြုစုခြင်းသည် အခြားသမိုင်း စာတို့ကို ရေးရသည်ထက် ပို၍ ခဲယဉ်းလှပေရာ၊ စာတစောင် ပေတဖွဲ့ ဖြစ်ပေါ်လာသော ဤသမိုင်းကို ဖတ်ရှုကြည်ညိုရခြင်းဖြင့် ဗဟု သုတ လေ့လာ လိုက်စားကြသူများ အားရ ကျေနပ်နိုင်မည်ဟု မြော်လင့်ရပေသည်။

ဤ သမိုင်းကိုရေးရာတွင် ဦးကုလား, မှန်နန်း ကုန်းဘောင်ဆက် စသော ရာဇဝင်ကြီးများ၊ ချောင်း, မော်ကွန်း, ပျို့ ရတု စာတော်များ၊ အခြားကျောက်စာ မှတ်စုများနှင့် အထူးသဖြင့် ဤသမိုင်းဖြစ်ရေးကို လမ်းစ-ဖော်ထုတ်ပေးသော '**ရွှေကိုင်းသား**' အမည်ခံ ဆရာတော်-ဦးသောဘိတ ရေး "ထူပါရုံသမိုင်းသင်္ခေပ အကျဉ်းပြု စာတမ်း" စသည်တို့ကို အထောက်အကူ မှီငြမ်းပြုရပေသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဤထူပါရုံသမိုင်း ဖြစ်ရပ်စဉ်တို့ကို ကောင်းစွာသိကြရသဖြင့် ဓမ္မသံဝေဖြစ်စေခြင်း၊ အသစ်အသစ်သော ကုသိုလ်ထူးများ မဖြစ်စဖူး အဖြစ်ထူးကြစေခြင်း အကျိုးတို့ကို မြှော်ကိုးနိုင်ကြပါစေဟု ဆန္ဒပြုမိပါသတည်း။

"လယ်တီ-ဦးလှပိုင်"
(ဓမ္မာစရိယ-ပါဠိပထမကျော်)

၁၃၃၀-ပြည့်နှစ်၊ နတ်တော်
လပြည့်ကျော် (၁၀) ရက်။
(၁၄-၁၂-၆၈)

# ထူပါရုံဘုရားသမိုင်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## ရတနာပူရ-အဝမြို့ခေတ်ဦး။

"စဉ်ထွန်းကမ္ဘာ၊ ပေါ်ဦးခါဝယ်၊ မဟာသမ္မတ၊ ဆွေးလောင်းကကို၊ သာကီယမျိုး၊ ဆက်စိုးစံနေ၊ သရေခေတ္တာ၊ ဋ္ဌာနပုဂံ၊ တောင်ရံမြင်းစိုင်း၊ စစ်ကိုင်းပင်းယ၊ ရွှေဝတိုင်ရုံ၊ ရွှေဘုံရိပ်အောင်း၊ နွယ်တော်ပေါင်းနှင့်၊ ဆိုးလောင်းထွတ်ထား၊ ဘွားသည်တွင်ရွှေ၊ စုံစေ့နွယ်ရှည်၊ မျိုးတော်စည်ကုံ၊ စီလျှည်ချီသာ၊ လျှောက်ခဲ့ပါအံ့"....ဟူသော ဆင်ဖြူရှင်မင်းလက်ထက် သားတော်စဉ့်ကူးမင်းဆရာ ပုခန်းကြီးမြို့ဇာတိ "မင်းရဲနရာ" ဘွဲ့ခံ ဦးဖျော်ဆို ပလိပ်စာချောင်းနှင့်အညီ—

"တုတ်ခွန်သွင်း—အင်းဝမြို့တည်"ဆိုသော ရာဇဝင် အမှတ်အသားအရ၊ သက္ကရာဇ် (၇၂၆)ခု နှစ်တွင် သတိုးမင်းဖျားသည် ပင်းယနှင့် စစ်ကိုင်းတို့ကို ဖျက်သိမ်း၍ အဝ- (အင်းဝ) နေပြည်တော်ကို ဦးစွာတည်ထောင်သည်။

အဝ မြို့တည်-နန်းတည် သတိုးမင်းသည် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွန်း၏ သမီးတော် စိုးမင်း နှင့် တကောင်း မင်းဆက် သတိုးဆင်ထိန်းတို့၏ သားတော်ဖြစ်သည်၊ ငယ်မည်"ရာဟုလာ" နောက်တွင် သတိုးမျိုးရိုး အနွယ်အဆက်မှ ဆင်းသက်လာ၍"သတိုးမင်းဖျား"ဟုတွင်သည်၊ မိဖုရားမှာ မင်းကြီးစွာစော်ကဲ၏ နှမတော်"စောဥမ္မာ"တည်း။

ထိုမင်းသည်(၇၂၆)ခုနှစ်တွင် မြောက်ပိုင်းရှမ်းလူမျိုးများသည် ပင်းယနှင့်စစ်ကိုင်းတို့ကို လာရောက်တိုက်ယူကြရာ စစ်ကိုင်းမှ ထွက်ပြေးသော စစ်ကိုင်းမင်းဆက် ၇—ဆက်မြောက် ဘထွေးတော် မင်းပျောက်ကိုရင်း၊ ပင်းယ မင်းဆက် ၆—ဆက်မြောက် ဥဇနာပြောင်ကိုရင်း၊ လုပ်ကြံသုတ်သင်သည်။

ထိုနှစ်(၇၂၆)ခုမှာပင် ကဆုန်လ၌စစ်ကိုင်းပျက်၍ နယုန်လ၌ ပင်းယမြို့ ပျက်လေသည်၊ ပင်းယနှင့် စစ်ကိုင်းတို့ကို သိမ်းပြီးလျှင် ဆိုခဲ့သော(၇၂၆)ခုနှစ်၊ တပေါင်းလတွင် ရတနာပုရအဝ မြို့ဟု သမုတ်လျက် ထီးသစ် နန်းသစ် မြို့တော်သစ် တည်ခဲ့သည်။

"စစ်ကိုင်း အုပ်စိုး၊ မှူးမတ်မျိုးဟု၊ မျက်ငြိုး ပြင်းပြ၊
ပင်းယပိုင်ယူ၊ နရသူက၊ မဖြူစိတ်ဝမ်း၊ စကားကမ်း၍၊
ရှမ်းမျိုးကောင်းစား၊ သို့ချည်ဘွားလျှင်၊ အင်အားထုတ်
ရှေ့၊လျော့မနေ့လိမ်လည်၊လုပ်ကြံရည်ကြောင့်၊ နှစ်ပြည်
ကျိုးမဲ့၊ ပျက်စီးခဲ့သား။

နှစ်ဆဲ့ခြောက်သာ ခုနစ်ရာသက္ကရာဇ်၊ ထိုသည့်နှစ်ဝယ်၊ နယ်စစ် မင်းရိုး၊ တကောင်း စိုးသည်၊ သတိုးမင်းဖျား၊ မလှည့်ပြားဘဲ၊လေးစားမဲ့ပါ၊ဥဇနာကို၊အသာလွှယ်ကူ၊ ဘမ်းကာယူ၍၊နတ်တူပြင်လျာ၊စောဥမ္မာနှင့်၊ သီတာရှက် ရုံ၊မင်းဝံမြရိုပ်၊ သံလျှက်ထိပ်ထက်၊ တံဆိပ်မည်သာ၊ရတ နာပုရ၊ အဝတွင်မူ၊ ထောင်ပြုစု၍၊ စသည်ဖြင့် .... ပလိပ် စား ချောင်းတွင် စပ်ဆိုထားသည်။

— — — —

## အဝ,နေပြည်တော် ရှုခင်း။

"အောင်မြေသာစံ၊ ဆုံမြစ်ရံသား၊ မင်းဝံတောင်စွန်း၊ သံလျှက်ကျွန်းထက်၊ စဉ်ထွန်း သာသနာ၊ တည်ရိုက်ရာ သည့်၊ရတနာပုရ-ရွှေ-ဝ-မှန်ကင်း၊ မြို့မျှော့မင်းကို...."

[အဝမြို့ဘွဲ့ ၁၂-ရာသီ လူတား]

"တတောင်လုံးရွှေ၊ မြင့်ခေါင်ဗွေကို၊ ရစ်ခွေခုနှစ်သိန်၊ အဂ္ဂါလိန်မှ၊ နိုင်းချိန်ချင့်မူ၊ သောင်းပြည့်လုဝယ်၊ စိမ်းနု ရွှန်းဝေ၊ ကျွန်းသပြေထက်...."

[ပလိပ်စားချောင်း]

"လေးကျွန်းထိပ်ခေါင်၊ မင်းဝံတောင်ထက်၊ ပြည်ထောင် ရာဇင်း၊ မင်းမျှော့သခင်၊ သည်တွင်ပင်စည်၊ ဖြစ်တော့မည် ဟု၊ နေတည်သာလှ၊ ရွှေအင်းဝဝယ်...."

[နဝဒေးဆို ရတု]

စသည့်....ရှေးဟောင်းစာများနှင့်အညီ ဧရာဝတီ-ဒုဋ္ဌာဝတီ ဇော်ဂျီ စသော မြစ်များဝန်းရံလျက် သံလျက်ကဲ့သို့ အဖျားချွန်ရာ (မင်းဂံတောင်စွန်းသည် ဧရာဝတီမြစ်မကြီး ခြားသော်လည်း ယင်းရဲကျောက်ဆောင်တွင်ငုပ်၍ သံလျက်ကဲ့သို့ အဖျားချွန်ရာ) ကျွန်းမြေထက်၌ တည်ထား၍ "သံလျက်ကျွန်း" ဟူ၍ရင်း၊ ဧရာဝတီမြစ်မကြီးသို့ဒုဋ္ဌာဝတီစသောမြစ်ငယ်ကလေးများခညောင်းပေါင်းဆုံရာ အဝ(အဦးအထိပ်) ၌ မြို့တည်ထား၍ "အဝ" ဟူ၍ ရင်း၊ ရတနာ တို့၏ စုစည်းရာ နေပြည်တော်ဟူ အနက် ထွက်၍ "ရတနာပုရ" ဟူ၍ရင်း သမုတ်ခဲ့ခြင်းဖြစ်သည်။

"ဒုဋ္ဌာ-ပန်းလောင်၊ သန်းမြှောင်ခွေယှက်၊ မြေသံလျက် ဝယ်၊ နေဆက်မျိုးရင်း၊ သတိုးမင်းသည်၊ ကိုးအင်းဌာန၊ အခါရသဖြင့်၊သာစွထူးလည်၊အဦးတည်သော၊ ရွှေပြည် အောင်ချာ၊ရတနာပုရ၊အဝ—ရွှေမြို့" စသော .... အဝမြို့ ဓါတ်ပေါင်းမဥ္ဇူသာ ဘုရား ကျောက်စာတွင် ရေးထိုးခဲ့သည်၊ "ကိုးအင်းဌာန၊ အခါရသဖြင့်" စသည် ရေးထိုး ခဲ့သော ယင်း ကျောက်စာအရ ဆိုလျှင် အဝမြို့ ဒုတိယဆက် ညောင်ရမ်းမင်း လက်ထက်တွင် ကျောက်မော် - ဥန် - ငကျည်း စသော အင်းကိုး အင်းတို့ကို ဆည်ဖို့၍ တည်ခဲ့ပြန်ခြင်းကြောင့် "အင်းဝမြို့တော်" ဟု သမုတ်လေသည်၊ အလားတူ— ဒါးမကူး ဆရာတော်ကလည်း "အင်းနဝ" မှ၊ န—အက္ခရာကျေပျောက်၍ အင်းဝ ဖြစ်လာသည် ဟု ဆိုသည်။

အဝခေတ် ကနဦး တည်ခဲ့သော သတိုးမင်းကစ၍ ဒုတိယ မင်းခေါင် သားတော် ရွှေနန်းကြော့ရှင် လက်ထက်အထိ "အဝ ခေတ်ဦး" ဟု ဆိုကလည်း ဆိုထိုက်ပါသည်။

## မိုးညှင်းမင်း နှင့် မြန်မာနိုင်ငံ

မိုးညှင်းမင်းတရားသည်(၇၈၈)ခု နှစ်တွင် အဝရွှေနန်းကို ဆက်လက် စိုးစံတော်မူခဲ့ရာ' သားတော်အကြီး မင်းရဲကျော်စွာ အား အိမ်ရှေ့နှင်းအပ်လေသည်၊ သားတော်အငယ်(နောင်အခါ ထူပါရုံ ဘုရားဒါယကာ နရပတိ ဖြစ်လာမည့်) သီဟသူအား ပြည်မြို့ကို စားစေသည်၊ ပြည်မြို့ကို ပေးသည့်အခါ....

"ပြည်မြို့သည်ကား – ဘုန်းကြီးသော မင်းတို့၏ နေရာ နန်းမြို့တည် ဖြစ်သည်၊ ရခိုင် ဓညဝတီနှင့်လည်း နီးစပ် သည်၊ ပြည်သူ ရှင်ရဟန်း တို့ကို ဝမ်းထွက်သား ကဲ့သို့ ချစ်ပါ"ဟု မှာ၍ ပေးအပ်ကြောင်း ရာဇဝင်၌ ဆိုထား သည်။

ဤ မိုးညှင်းမင်း လက်ထက် အဝနေပြည်တော်နှင့် တကွ သော မြန်မာနိုင်ငံသည် အခြား, သီဟိုဠ် စသော ပြည်များနှင့် ဆက်သွယ်လျက်ရှိရာ လူနေမှု အဆင့် အတန်း များစွာ ဖွံ့ဖြိုး စည်ကားလာပေသည်။

(၇၉၁)ခု နှစ်တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမာ လင်္ကာရနှင့် သီဟဠမဟာသာမိ, မထေရ်နှစ်ပါးတို့သည် ဘုရားရှင် ၏ သရီရ ဓါတ်တော်စစ် ၅-ဆူကို ပင့်ဆောင်၍ သင်္ဘောနှင့် ဆန် တက်လာခဲ့ရာ ယခု ရွှာသစ်ကြီးဆိပ်သို့ရောက်လျှင် မင်းကြီးကိုယ် တိုင် မိဖုရား မောင်းမ မှူးတော် မတ်တော်များ ခြံရံလျက် ရွှေ ဖောင်နှင့် ကြိုဘူးသည်။

အဝသို့ ရောက်လျှင် မြေလျှင် ကြီးစွာလှုပ်ရာ "သာသနာ တော် အခွန့်ရှည်စွာ ထွန်းလင်းမည့် နိမိတ်ဖြစ်ကြောင်း" ကိုယ် တိုင်တော် နိမိတ်ဖတ်တော်မူ၏၊ နောက်၌သရီရဓါတ်တော် ၅-ဆူ ကို စစ်ကိုင်းကြီး အနောက် အရပ် သာယာသော မြေအပြင်၌ (၇၉၂) ခု တပေါင်း လပြည့် စနေနေ့တွင် "ရတနာစေတီ" ( ဆင်များရှင် ) ဘုရား တည်လေသည်၊ ဘုရားအနောက်တွင် အုဌ်ရွှေကျောင်း, ကျက်သရေသုံးတိုက်နှင့် ပတင်း တံခါး ၇၈ တံခါးပို၍ ခမ်းနားသော ရွှေကျောင်းတော်ကြီးကို သီဟိုဠ် ရောက် မထေရ်နှစ်ပါးအား တင်လှူခဲ့သည်။

"တေဇထန်ပြင်း၊ မိုးညှင်းမင်းလျှင်၊ရန်နှင်းနှံချုံး၊ ရိုက် ရာကျုံးပြီး၊ဆဲ့သုံးသို့စွန်း၊နန်းသက်ကျွန်းတွင်၊ခိုင်ကျန်း တည်မူ၊ အကြောင်းပြုလျက်-"ဗသျှုနောသတ်"၊ ရောက် ကိန်းဖြတ်၍၊နာဂတ်ခုပြည့်၊ဂေါ်ဝိန်ထည့်လျှင်၊ဖြစ်လှည့် တိုရှည်၊ နှစ်ချက်တည်ရှင့်...." (ပလိပ်စားချောင်း)

အထက်ပါ ချောင်း လာသည့်အတိုင်း "သက္ကရာဇ် ဖြိုသော မင်းသည် သက်တော်မရှည်ချေ၊ ဖြိုသည့်နှစ်မှာပင် အနိစ္စရောက် ကြောင်း" မှူးမတ်ပညာရှိတို့ လျှောက်တင်သော်လည်း....

"သတ္တဝါအများ ချမ်းသာခြင်းကို သိမြင်ပါလျက် သေ ဆေးကိုကြောက်၍ ဗသျှုဆိဒြမုနိ" ဖြိုကိန်း ရောက်ရာ သက္ကရာဇ်မဖြိုချေသော် ကမ္ဘာမကျေသရွေ့ ဥဒါန်းမော် ကွန်း အစဉ်ထွန်းရစ်လေတော့မည်"ဟု ယူဆလျက် ပိဋ္ဌ က ဗေဒင်တတ်ပညာရှင်တို့နှင့် တိုင်ပင်ပြီးလျှင် သက္ကရာဇ် (၈၀၀)ရှစ်ရာပြည့်တွင် ၂-ခုနှုတ်၍ (၇၉၈) ဖြိုကြွင်းပြု ကာ အတို ၂-ခု တည်လေသည်။

သက္ကရာဇ်ဖြိုသော်လည်း မပြိုတော့ဘဲ မိုးညှင်းမင်းသာလျှင် အိမ်နိမ့် ၄၇၊ စည်းစိမ် ၁၃-နှစ်သို့ အဝင် သက်တော် ၆၀-တွင် အနိစ္စရောက်သည်။

မိုညှင်းမင်း သားတော်ကြီး အိမ်ရှေ့စံ မင်းရဲကျော်စွာ ၈၀၁-ခု နန်းတက်၍ ၃-နှစ်မျှ စိုးစံပြီး အနိစ္စရောက်သည်၊ အဝ နေပြည်တော်တွင် မင်းမရှိ၊ ဖြစ်လျှင် မှူးမတ်တို့ စုရုံးလျက် မိုး ကောင်းမြို့စား မိုးညှင်းမင်း သားမက်တော် သီဟပတေ့အား အဝထီးနန်းကို ဆက်လက်စိုးစံတော်မူရန် သွားရောက် လျှောက် တင်ကြ၏၊ သို့သော် မိုးကောင်းမြို့စား သီဟပတေ့က "မင်း၏ ညီတော့်သားတော်မဟုတ်၊ မင်း၏ သားတော်အငယ် ပြည်မင်း သီဟသူအား မင်းမြှောက်ကြလေ" ဟု မိန့်ကြားလေသည်။

ထိုအခါ မှူးမတ်အပေါင်းတို့သည် ရေအား, ကြည်းအား, ဆင်လုံး မြင်းရင်းနှင့် ပြည့်သို့ စုန်ကြသည်။

— — — —

## ထူပါရုံဒါယကာ နရပတိမင်း နန်းတက်ခြင်း။


ပြည်မင်းသီဟသူသည် ခမည်းတော်နှင့် နောင်တော်အရိုက် အရာ အဝထီးနန်းကို စိုးစံတော်မူရန် ပြည်မှအဝသို့ ဆန်ရာတွင် မိချောင်းတကောင်သည် ဖေါင်တော်နောက်ကသည် ရှေ့သို့ ကူး သန်းပြေးလေ၏၊ ရှေ့တော်မှ ခါတက်သော တပ်သားတို့က တွေ့ မြင်ကြရာ မိချောင်းကို ထိုးခုတ် သတ်ဖြတ် ကြလျှင် နောက်သို့ ဆုတ်၍ ပြန်လည်သေ၏။

ထိုအခါ ပြည်မင်း သီဟသူက ပညာရှိ နန္ဒသူ အမတ်အား မေးလေရာ....။

"မြင်တွေ့ရသော နိမိတ်မှာ သားတော်အစဉ့်,မြေးတော် အဆက်,မြစ်တော်အညွန့်တို့ မင်းချည်း ဖြစ်တော်မူမည်၊ အရှင်မှာကား ပြည်မြို့သို့ ပြန်လည်၍ နတ်ပြည်စံတော်မူ ရမည့် နိမိတ်ဖြစ်ပါကြောင်းပါ"ဟု လျှောက်တင်သည်။

အဝသို့ ရောက်လျှင် ပညာရှိ မှူးမတ်တို့နှင့် တိုင်ပင်တော် မူပြီးလျှင် သက္ကရာဇ် (၇၀၄)ခု ကဆုန်လပြည့်ကျော် ၁—ရက်၊ သောကြာနေ့ နက္ခတ် ၂၃ - လုံး တူလဂ်တွင် နန်းတက်သည်၊ "သိရိတြိဘဝနာဒိတျာပဝရနရပတိ မဟာရာဇာဓိပတိ"ဘွဲ့တော် ခံယူသည်၊ မိဖုရားမှာ"အတုလသိရိမဟာဓမ္မရာဇဒေဝီ" ဘွဲ့တော် ခံသည်၊ သားတော် အကြီးအား မဟာသီဟသူ အမည်ဖြင့် အိမ် ရှေ့အပ်နှင်းသည်။

ထိုပြင်....သားတော်-သမီးတော်-ဆွေတော်-မျိုးတော်တို့ကို လည်း အထိုက်အလျောက် မြို့စား, နယ်စား ဆုအသီးသီးပေး၍ ချီးမြှင့်တော်မူသည်၊ သဘင်ကြီးစွာ ရက်တပတ်ကြာမျှ အောင်ပွဲ ခံသည်၊ အရည်ဝါသီ ဂါမဝါသီ ပုဂ္ဂိုလ်တို့အား နန်းတော်သို့ ပင့်၍ ဘွဲ့တံဆိပ်ဆက်ကပ်၍ ဆွမ်းကျွေး လှူဒါန်းခြင်းများ ပြု သည်၊ သူဆင်းရဲတို့အားလည်း ဆန်စပါး အဝတ်အထည် ကြေး ငွေ စသည် တို့ကို ရွှေတိုက်တော်မှ ထုတ်ယူ၍ အလှူကြီး ပေးသည်။



ထူပါရုံဘုရားကြီး ပြုပြင်ရာ၌ ဦးစီးနာယကအဖြစ် တာဝန်ခံ
ဆောင်ရွက်တော်မူသော
သာသနာပြု ဒီပါမြေ ဆရာတော်ဘုရား၏ ပုံတော်။

## ရွှေနန်းအဆောင်ဆောင်များ။

"ကပ္ပိလကို၊ အစထွင်ခုတ်၊ ဥက္ကာမုတ်သို့၊ အုတ်အုတ်
ကျက်ကျက်၊ပျံသည့်ကြက်မျှ၊မြေထက်မကျ၊များလှအိမ်
ခြေ၊မျိုးဆွေတပုံ၊ကျူနွယ်ရုံလျှက်" (ပလိပ်စားချင်း)

နရပတိမင်း စိုးစံသည့်အခါ တိုးချဲ့ထားသော နန်းရင်ပြင် အဆောင်ဆောင်တို့မှာ စည်ကားလှသော မြို့တမြို့မျှ ဖြစ်သည်၊ ပန်းပု, ပန်းချီကားချပ်များ ထုလုပ်၍ ရွှေ- ငွေ- ဖလီ စသော အရောင်တို့မှာလည်း တဖိတ်ဖိတ် တောက်ပနေသည်၊ ရွှေအတိ ပြီးသော မှန်စီရွှေချ နံရံခဏ်းများ, ရွှေအုဋ္ဌကြွပ်များ, မင်း မိဖု ရားများစံအိမ်ဟော်, ကိုယ်လုပ် မောင်းမတို့အိမ်တော်, ရွှေတိုက် ငွေတိုက် ကြေးတိုက် စသည်များလည်း ခြံရံလျက်....

မြို့ရိုး, ပြအိုး အရပ်ရပ် နန်းပြာသာဒ် အဆောင်ဆောင် အရောင် တလက်လက် ပြိုးပြိုးပြက် ရှိနေလေသည်၊ နန်းမြို့တော် မှာ မြို့ကြီးတမြို့ကဲ့သို့ စည်ကားလှသည်။

ဤအဝ မြို့တော်ကား အရှေ့မှ ဒုဋ္ဌာဝတီမြစ်၊ မြောက်မှ ရောဝတီမြစ်မကြီးများ ရံဆီးထားသည့်ပြင် တောင်နှင့်အနောက် မှ အင်း, အိုင်, ချောင်းငယ်, မြောင်းငယ်များ ရှိလေသည်၊ လေး ထောင့်အုဋ္ဌရိုး ရေကျုံး သစ်တပ်များ မရှိသော်လည်း အုဋ္ဌရိုး ကျုံးများထက် ကျယ်သော နက်သော ဆောင်း-နွေ-မိုး ဥတု ၃-မျိုးလုံး ရေများလည်း အမြဲပြည့်လျှံနေသည်။

## နရပတိမင်းလက်ထက် စစ်ပွဲများ။

ဘုရင် နရပတိသည် ခမည်းတော် မိုးညှင်းလက်ထက် စံနစ် အတိုင်း နိုင်ငံတော်တခုလုံး အနေအထား အဆောင် အယောင် မပျက် အုပ်ချုပ် ကွက်ကဲစေသည်။

သို့ရာတွင် မြို့စား ပြည်စား အချို့တို့သည် ခုခံ တော်လှန် ကြသဖြင့် ဘုရင်ကိုယ်တိုင် သို့မဟုတ် သားတော်များကိုယ်တိုင် ပြန်လည်နှိမ်နင်းကွက် သုတ်သင်ရလေသည်၊ အညာပန်းပြင်မှ ရှမ်းလူ မျိုး၊ သုံးဆဲ့ကိုးလုံးမိုင်စား သိုခင်ဘွားကိုလည်း နန်းတက်စ နှစ်က တိုက်ယူ သိမ်းပိုက်ရသည်၊ ရမည်းသင်း ပင်လယ်မြို့စား စသည်တို့ကလည်း ဆူပူလှုပ်ရှားကြပြန်၍ နှိမ်နင်းရသည်။

တရုပ်ပြည်မှ တရုပ်စစ်တပ် သုံးသန်းခန့် အင်းဝသို့ချီတက် လာကြရာ ဘုရင် မင်းမြတ်သည် မြို့ခိုင်ခန့်အောင် သူရဲသူခက် လက်နက် စားနပ် ရိက္ခာများ စီစဉ်၍ အိမ်ရှေ့နှင့် ဘယဂါမဏိ အမတ် တို့ကို မြို့စောင့် ချထားလျက် တိုက်ဆင် ၅၀၀၊ မြင်း ၈၀၀၀၊ စစ်သည်သူရဲ ၂-သိန်း၊ တပ်မကြီးဖြင့် မူးမန္တလေးမှ တပ်ချထားသည်။

တရုပ်တို့ကား ပုဂံနော်ရထာမင်းလက်ထက်ကစ၍ မြန်မာ တို့အား အခွဲမကျေနိုင်ဖြစ်ကာ "လက်ဆောင်ပဏ္ဏာ ဆက်မည် လော၊ စစ်ပြုမည်လော" ဟု သံလွှတ်၍ ရန်စနေကြသည်။

"မည်သည့် မင်းလက်ထက်ခါကစ၍ မတောင်း မရမ်းဘူး၍ မပေးနိုင်ကြောင်း" ပြန်လည် မိန့်ကြားသော အခါ တရုပ်တို့ ဗန်းမော်တွင် စုရုံးတပ်ချလျက် ရောဝတီမြစ်ကို တံတားဆောက် လုပ် အခိုင်အမာနေကြသည်။

အင်အားဖြည့်တင်းလာသော တရုပ်တို့မှာ အဝ နေပြည်တော်ကိုတိုက်ယူရန် ချီတက်လာကြသည်၊ ဘုရင် နရပတိကလည်း စစ်သည်အင်အား ခိုင်မာစေလျက် တရုပ်တပ်ကို ပြန်လည် တိုက်ခိုက်ရာ စစ်ဗိုလ်ချုပ်ကြီး မော်သောင်ပိန်းကို လက်ရဘမ်း၍သတ်ပြီးလျှင် တရုပ်စစ်တပ် အများသေကြေ ပျက်စီး ဆုတ်ခွာ ပြေးကြလေသည်။

**စစ်အတွင်း အောင်ပွဲခံလျက် ထူပါရုံဘုရား တည်ခြင်း။**

ဘုရင်နရပတိသည် ကြီးမားသော တရုပ်စစ်တပ်ကို ဖြိုခွင်းရုံမက ပြည်တွင်း စစ်ပွဲများကိုလည်း ဆင်နွှဲ သိမ်းပိုက်ရသည်၊ စစ်ထွက်ခြင်းဖြင့်ပင် အချိန်ကို ကုန်လွန်စေပြီးလျှင် အမျိုးဘာသာ သာသနာရေး တိုးတက်စည်ပင်ခြင်းကို မျက်ခြေမပြတ်နေသည်၊ ရခိုင်ဘုရင်နှင့်လည်း မဟာမိတ်ပြု၍ "မိုးခေါင်တောင်ရိုး" ကို ပြည်နယ်ခြားသတ်မှတ်သည့် (၈၀၆) ခု နှစ်တွင် အခါတော်ယူလျက် **"ထူပါရုံစေတီတော်"** ပန္နက်ချသည့် အခါဖြစ်သည်။

ထိုနှစ်မှာပင် အဝနေပြည်တော်သို့ တရုပ် စစ်တပ်ကြီး ချီတက်လာပြန်လေသည်၊ ထိုအခါ တရုပ်စစ်အင်အား သိန်းပေါင်း ၃ဝ-မျှ ရှိသောဟူ၏။

တရုပ်တို့ အကြိမ်များစွာ ချီတက် လာကြခြင်းမှာ မြန်မာဘုရင် နရပတိအထံတွင် ခိုလှုံနေသော ရှမ်းလူမျိုး သိုင်ဘွားကို အရယူလိုသောကြောင့်ဖြစ်သည်၊ သိုင်ဘွားသည် ၎င်း၏ဘိုးတော်သို့ချည်ဘွားလက်ထက်က တရုပ်ဥတည်ဘွားနှင့် ခိုက်ရန်ဖြစ်ပွားရာမှ အစပြု၍ ၁၂-နှစ်တိုင်တိုင် မြန်မာနိုင်ငံသို့ လာရောက် ရန်စနေကြခြင်းဖြစ်သည်။

တရုပ်တို့ လိုလားနေသော သိုင်ဘွားကို တောင်းဆိုနေကြသော်လည်း "သိုင်ဘွားကား ငါ၏ ကျွန်ဖြစ်၍ ငါ သိမ်းပိုက်ထားတော်မူသည်မပေးသာ"ဟူ၍ပြန်လည်မိန့်ကြားသည့်အဆုံး၌ တရုပ်-မြန်မာ စစ်ပွဲကြီး ဖြစ်ကြလေသည်၊ မြန်မာ့ စွမ်းရည်သတ္တိများဖြင့် ဘုရင်ကိုယ်တိုင် ဦးစီး ချီတက် တိုက်ခိုက်ရာ တရုပ်တို့ များစွာသေကြသည်၊ တပ်လည်း ကစင့်ကလျားဖြစ်ကြ၍ အစိတ်စိတ် အမွှာမွှာ ဆုတ်ပြေးကြရသည်၊ ဘုရင် နရပတိသည် များလှစွာသောတရုပ်တပ်ကို စစ်ရေးဖြင့် အနိုင်ယူအောင်ပွဲခံပြီးလျှင် ထူပါရုံ စေတီတော်ကို ပန္နက်ချလျက် အဆင့်ဆင့် တည်နေလေသည်၊ ထိုဘုရား တည်နေစဉ်မှာပင် တရုပ်, အုန်းပေါင်, ယွန်း, တလိုင်း, ရခိုင်, ကုလားစသော လူမျိုးများလည်း တဖွဲဖွဲ အဝ နေပြည်တော်တွင် ခိုလှုံကြလေသည်။

"သောင်းဒီပါအုပ်၊ ကွန်ချာရှုပ်၍၊ ပိုက်ထုပ်ရမည်၊ ဘုန်းစက်ရည်ကြောင့်၊ ခိုင်ကြည်ဝသုန်၊ က,မြူးခုန်သို့၊ လှုပ်တုန်ချောက်ချား၊ ဘိုးတော်ဘွားက၊ တလွှားဇမ္ဗူ၊ ထိန့်ရိုက်ဆူသည်၊ နတ်လူတည့်ဆုပေး၊ ကြင်မြတ်လေး" ဟု စပ်ဆိုထားသော ချောင်းနှင့်အညီ....

ဘုန်းသမ္ဘာတော်တိုး၍ လူမျိုးခြားအစုံအညီ ခဝပ် ခိုလှုံရာလည်း ဖြစ်သည်၊ သီဟိုဠ် စသော အခြား နိုင်ငံမှလည်း လက်ဆောင်ပဏ္ဏာ ဆက်သလျက် မီးမသေ ရေမနောက် ရွှေလမ်းဖေါက်ကြလေသည်၊ အတတ်ပညာ ယဉ်ကျေးမှု အစုစုတို့လည်း ဝင်ရောက်လာကြသည်၊ ရှင်မဟာရဋ္ဌသာရ၏ နောင်တော်ဖြစ်သော အင်းဝ ပဋ္ဌင်းကျော် အရှင်ဝရစက္ကမထေရ်, အရှင်ဒိဗ္ဗစက္ကမထေရ် စသော

ဆရာတော်ကြီးများမှာလည်း သီဟိုဠ်နိုင်ငံသို့ သွားရောက် ပညာသင်လေသည်။

ယဉ်ကျေးမှုအနုပညာ စာပေ ပရိယတ်စသော အမွေအနှစ်များ အရယူကြပြီးလျှင် သာသနာ ထွန်းလင်း ပြန့်ပွားချိန်ဟု ဆိုနိုင်ပေသည်။

မိုးညှင်းမင်းမှစ၍ သားတော် နရပတိနှင့် မြေးတော်များ လက်ထက် သီဟိုဠ်နှင့် မြန်မာနိုင်ငံ ချစ်ကြည်ရေး, ထေရဝါဒ တူညီရေးတို့မှာ စံပြအဖြစ် ထားနိုင်သည်၊ ထူပါရုံ ဒါယကာ နရပတိ လက်ထက်မှာ ဆိုလျှင် ထေရဝါဒ တူညီသော ပုသိမ်မြို့ ဆပ္ပဒ အရပ်သား ရှင်ဓမ္မကေတု ၎င်း၏အနွယ် ရှင်သဒ္ဓမပါလ စသော ထေရ်များဖြစ်သည်။

— — — —

နတ်လူကြည်ယုံ ထူပါရုံ မှတ်တမ်းဝင်ကဗျာ။

"မြစ်နဒီ ခွဲသည့်-ရွှေအာဝ စံရှင်၊ နရပတိ မြတ်ထွတ်တင်သည် မာရ်လွတ်စင် ရောင်ပွား....
ရှစ်ရာ့ခြောက် ဝေါဟန်ခြုံသည် ထူပါရုံ ကောင်းမှုတည်ထား....
မင်းဂိုဏ်ညွှန့် သေလာဓမ္မမှာ- ဇေယျာမြေ ထင်ရှား၊ ရောခရေ သွင်မြသားလိုပ၊ နဖူးဖျားကမ်းငူ....
တရာနှင့်သုံးဆဲ့ငါး-မိုးယံဖျား-မြင့်ခရွှေဥာဏ်လူ။ လူနတ်ဦးခိုက် လိုက်လှိုက်ဆူသည်-လောကမှန်ကူ ခဝပ်ညောင်းလို့ ကိန်းအောင်းစံပ - ကြည်နူး စပွယ် - တင့်ထူးလွန်သပါယ်။ ခြောက်ရောင်ဖြိုးလို့-ကိုးဂုဏ်ကြွယ်သည်၊ ပြိုင်နှိုင်းမဆွယ်--ထူးမြတ်ပါလှလေး........"

"လောကမှန်ကူ" ဘွဲ့တော်ဖြင့် ထူပါရုံ စေတီတော်ကြီး သမိုင်းကို ရာဇဝင်နောက်ခံထားလျက် စစ်ကိုင်းမြို့ ညောင်ပင် သာဆရာကြီး ဦးပုညက မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

ဤမှတ်တမ်းတင် ဆောင်ပုဒ်တေးထပ်အရ၊ ထူပါရုံစေတီ တော်တည်ခဏ်းကို ဖေါ်ပြရပေလိမ့်မည်။

**မှတ်ချက်။** ။ဤထူပါရုံစေတီတော် အမြင့် ၁၃၅-တောင် ရှိကြောင်း မှတ်တမ်းတင်ခဲ့သော်လည်း နရပတိမင်း တည်စဉ်က ဥာဏ်တော်အမြင့် ၁၃၀-မျှရှိရာ နောက်, မင်းအဆက်ဆက် ပြန် လည်တည်သောအခါ သံတောင် ၁-တောင်စီ မြှင့်တက်၍ တည် လာရာမှ ပုဂံမင်းလက်ထက် ၁၃၅-တောင် မြင့်နေပုံကို ဆရာ ကြီး ဦးပုည ကိုယ်တွေ့မျက်မြင်အနေဖြင့် ဆိုဟန်ရှိသည်။

"စစ်ကိုင်းမည်သော ရွှေပြည်စတေ ရန်အောင်မြေ၏အချာ နှိုက် အတောင် တရာ့သုံးဆယ် အမြင့်ရှိသော မဟာ ထူပါရုံ တည်တုံသာသနာ တောက်ပစွာ၏" ၈၁၆ - ခုနှစ် ရေးထိုးသော နရပတိမိဖုရားကြီး အထိန်းတော် သစ်ဆိမ့်ကာတော် ကျောက်စာ အရ ထင်ရှားသည်၊ သံတောင် တတောင်လျှင် ၁၃-လက်မ ရှိ၍ ဂိုက်တောင် ၁၈-လက်မ ၁-တောင်ထက်ကြီးသည်။

စစ်ကိုင်း မင်းဝံတောင်တန်း နှင့် မြို့တွင်း မြေမျက်နှာပြင် အရပ်တို့၌ သမိုင်းဝင် စေတီပုထိုး များစွာရှိရာ .... စစ်ကိုင်း မင်းပျောက်ကြီးတည် စည်းခုံတော်ကြီး(၇၁၄) ပင်းယတစီးရှင် လက်ထက် ပုညအမတ်တည် ဆွမ်းဦးပုညရှင်(၆၇၄)မိုးညှင်းမင်း တည် ရတနာစေတီ(၇၉၂)စသော စေတီတော်များ ...

" ပုညစေတီ—တိမ်ဆီတမျှ—ပတ္တမြားစေတီ၊ တောင်ဆီ တူရှု၊ ရှင်ဖြူရှင်လှ၊ ချမ်းမြရိပ်မြုံ—ထူပါရုံနှင့် "

"မိုးလယ်ထိအောင်၊ ဖြူရောင်ဆွဆွ၊ ပုညဲစေတီ၊ လုံးညီပေါ်ထင်၊မွေ့ဓါတ်ရှင်၌၊ ကြည်လင်စိတ်သန်၊ တောင်းဆုပန်သည်၊ နိဗ္ဗာန်ပြည့်-မျဉ်းကြောင်းတကား...."

[နဝဒေးဆို ရတု]

"ရွှေပြည်တော် မကိုဋ္ဌမန်းတွင်မှ၊ သိုက်ခန်းတခါကြုံခဲ့သမို့၊ရတနာပုံမှာ အခွန်သစ်တွေနှင့် ရာဇဂုဏ်တံခွန်မလှစ်နိုင်တဲ့ ကျွန်ခေတ် လူရာမဝင်ချင်သနဲ့၊ တဆူဆရာအရှင်တရားကြည့်က မထူးပြီလို့ သူဇာအသွင် အမျှားတပည့်မ အနူးတို့နှင့် ထူပါဝင် ဘုရားရှိသမျှ စိစိငှငှဖူးပါလို့"

စသည်နှင့်အညီ အလင်္ကာကျော်စွာ ဒေါက်တာဘွဲ့ရ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည်....

စစ်ကိုင်း ပင်းယနှင့် အင်းဝမြို့တခွင် ရှင်ပင်ဘုရား စေတီပုထိုးများကို ရှိခိုးပူဇော်ရာ ခရီးစဉ်တောလား ဘုရားတိုင် မဟာလေးချိုးကြီး တပုဒ်တွင်လည်း....

"ဆင်မျှားရှင် မဏိပုထိုးကိုဖြင့်၊ ရှိခိုးမယ် ကပျာကရာဝင်လို့မို့၊ ဆရာရှင် ဩကာသပြန်တော့ ဟူ၍ရင်း...."

"အော်....ကန္တ ကယနှင့် တပဲ့အလှတွေပေါ့နော်၊ အလှကျ-အလှကျ အချွေအရေထပဲ့ မတွေကလဲ ပေါပေသနှင့် တောမှီသူ ယောဂီမှိုင်းမှာဖြင့်၊ အဟောညီညီ ကောလိဆိုင်းရာက(အမယ်မင်း)ကသိုဏ်း ယမင်းအလှ၊ ဂိုဏ်းအသင်းဒကာမတွေနဲ့၊ သမိုင်းသတင်း လှခဲ့တဲ့ အင်းဝနှင့်တကွ၊ ဩော် .... စစ်ကိုင်း ပင်းယဆီက မင်းမျှာ့ကုသိုလ်တော်တွေကိုဖူး...." ဟူ၍ရင်း ကဗျာတမ်းချင်းများဖြင့် သရုပ်ဖော် စပ်ဆိုကြပေသည်။

ရောဝတီ မြစ်ရေအယဉ်သည် စစ်ကိုင်း တောင်တန်းနှင့် စစ်ကိုင်းမြို့ကို လကျာရစ် ဝန်းရံလျက် တသွင်သွင် စီးဆင်း နေသည်၊ တောင်တန်းတခိုမှလည်း မြည်ို ရစ်သန်းလျက် စိမ်းလန်းနုပျိုနေလေသည်။

" နတ်ထံဘုံဆီ၊ ထိလုသီမျှ၊ သင်္ဂီရည်လျှံ "


ရွှေရောင် အတိပြီးသော စေတီများမှ အရောင်တို့သည် နေလုလင်၏ခြည်ရောင်နှင့် ထိုးဟပ်ကာ တိမ်လယ် တိမ်တောင်, ထက်နတ်ခြောက်ဘုံအထိ မြင့်မားလျက် ရွှေတောင်ကြီးတမျှ အသွင်ရှိသည်။

အဝ နေပြည်တော်မှ ရှုမြှော်လိုက်ပါလျှင် စိမ်းလဲ့ညိုပြာ မြရည်ကမ္ဗလာထည် လွှမ်းခြုံထားသကဲ့သို့ ထင်ရသည်။

"ဝါဆို-ဝါခေါင် ရေဖေါင်ဖေါင်" ဆိုသည့်အတိုင်း မိုးလ ရာသီတွင် အင်းဝနှင့် စစ်ကိုင်း ပတ်ဝန်းကျင်တွင် ပင်လယ်ရေ ပြင်ကျယ်တမျှ ရှိသည်၊ ရှမ်းရိုးမတောင်နှင့် နွယ်ခွေတောင်တန်း အပါဝင် ဖြစ်သော ဤစစ်ကိုင်း မင်းစံတောင်တို့မှာ ရှုခင်း ကောင်း၍ မြရည်ရစ်ဆိုင်း မဟာရာမ်တံတိုင်းကြီး ကာဆီးထား သကဲ့သို့ အထင်းသား ပေါ်လွင်နေပေသည်။

ရောဝတီကမ်းနဖူးတွင် ကြည်နူးသာယာလှသော မြေမျက်နှာအပြင်သည်ရှိ၏၊ ထိုမြေအရပ်၌....

"စစ်ကိုင်းပင်းယ၊ အဝ အောင်စည်၊ မင်းပွဲပြည်ကို၊ ညို ရည်တန်းဆောင်၊ ဆီမီးထောင်သို့၊ မျက်တောင်ပုည၊ စေတီယဟု၊ မာဃနတ်မှာ၊ စွယ်စူဠာနှင့်၊ နိုင်းရာတည်၊ ရွှေစာတလို၊ သရီရဓါတ်၊ ရှစ်စရွတ်မျိုး၊ တိုက်ကျော်ဟိုး၍



ထူပါရုံဘုရားကြီး ပြုပြင်ရာ၌ ဒီပါဠိမြေ ဆရာတော်ဘုရား၏ ပါရမီကို
ကူညီဆောင်ရွက်လျှက်ရှိသော လက်ထောက်ဆရာတော်
( ဦးလက္ခဏ ) ပုံတော်။

ပုထိုးကျည်ဝန်း၊ သွန်းရရွှန်းလျှင်၊ တည်ထွန်းဆိုင်းပျဉ်၊
တိမ်တောင်လျှဉ်သို့၊ စီစဉ်ဖြင်သီး၊ ဆန်လတ်ပြီး၍၊ မင်း
သီး ခြောက်ဆက်၊ စံပယ်လျက်တည့်။ ဘုန်းစက်ဓိမိုင်း၊
စိုးကြပ်တိုင်းသား၊ စစ်ကိုင်းကြီးတောင်၊ မော်ကျောက်
ဆောင်လျှင်၊ ရန်အောင်မြင်နောက်၊ သပန်မြောက်တွင်၊
ပေါက်ရောက်ရွှေဘုံ၊ ထူပါရုံဝယ်....”

စသည်ဖြင့် ရတနာဗိမာန် ကျောင်းတော်ဖွဲ့ သံပိုင်းတွင် ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော် စပ်ဆိုတော်မူသည်နှင့် အညီ၊ ထိပါရုံစေတီတော် တည်ရာအရပ်၌ အောင်မြေနင်းလျက် ရန်အပေါင်းကို ဖြိုခွင်း အောင်မြင်ရာ သတ်မှတ်သည်။

အထက် သံပိုင်း၏အဓိပ္ပါယ်ကိုဖွင့်ရလျှင် စစ်ကိုင်း ပင်းယနှင့် အင်းဝ သုံးပြည်ထောင်တို့၏ ဆီမီးတန်ဆောင်သဖွယ်ဖြစ်သော ပုညရှင်ဘုရားတည်ထားရာ ရွှေဖါးတောင်မှသည် တောင်အရပ်သို့ ရှုမြော်လိုက်ပါလျှင် ခါဝဲတောင်ကို မြင်နိုင်ပေသည်။

ထိုတောင်၏ အခြေ၌ စစ်ကိုင်း ပထမ မြို့တည် နန်းတည် အသင်္ခယာစောယွန်းမင်းနှင့် မင်းဆက်များ စိုးစံတော်မူခဲ့သည့် စစ်ကိုင်းမြို့တော်ဟောင်းကိုလည်း မြင်တွေ့ကြရပေမည်။

ထို မြို့တော်ဟောင်းနေရာ စစ်ကိုင်းကြီး တောင်ဘက်တွင် စကုမော်အရပ်ရှိသည်။ ထိုစကုမော်အရပ်၌ ရန်အောင်မြင်စေတီ တဆူ မားမားမတ်မတ်ဖူးတွေ့နိုင်ကြမည်။ထိုစေတီ၏အနောက် ဘက်တွင် နရပတိစည်သူမင်း၏ ကိုယ်လုပ်တော်တဦးသည် သား

ဆုပန်ခဲ့ဘူးသည့် သားဆုပန်ရာ သားရရှိသဖြင့် **'သားပန်ဘုရား'** ဟု တွင်ခဲ့သော "သားဆုပန်စေတီ"တဆူရှိလေသည်။

ထိုစေတီ၏ မြောက်ဘက် အရပ်တွင် ရွှေတောင်ကြီးတမျှ ရွှေဘုံကြီးပေါက်သကဲ့သို့ ထင်မှတ်ရသော "**လူနတ်ကြည်ညို-ထူပါရုံ**"စေတီတော်ကြီး ခန့်ငြားစွာတည်ရှိနေသည်ဟု ဆိုလိုပေသည်။

အမရပူရမြို့တည် နန်းတည် ဘိုးတော်ဘုရား၏ အိမ်တော်ရာ၌ တည်ထားအပ်သော "အောင်မြေလောကစေတီ"တည်ရာသည် ကုန်းဘောင်ခေတ် မင်းအဆက်ဆက်တို့ အောင်မြေနင်း၍ ရန်အပေါင်းကို ဖြိုခွင်းရာ အောင်မြေဖြစ်သကဲ့သို့—

ဤ ထူပါရုံဘုရားတည်ရာ "သပန်အောင်မြေ" အရပ်သည်လည်း အဝခေတ် မင်းအဆက်ဆက် အထူးဆိုရလျှင် ထူပါရုံဒါယကာ နရပတိမင်း အောင်မြေနင်း၍ တရပ်စသော ရန်အပေါင်းကို ဖြိုခွင်းအောင်နိုင်၍ အောင်ပွဲခံခြင်းဖြစ်ရကား— ဤ အောင်မြေဟုဆိုအပ်သော ဘူမိနက်သန်အောင်မြေမှန်သည့် နေရာ၌ ထူပါရုံစေတီတော်ကို တည်ထားပူဇော်ခဲ့ပေသည်။ ဤ ထူပါရုံတည်ရာ သပန်အောင်မြေအရပ်နှင့် အောင်မြေလောကစေတီ တည်ရာအရပ်မှာလည်း အလွန်နီးကပ်လျက်ရှိပေသည်။

အောင်မြေလောက ဘုရားကျောက်စာ၌လည်း....

"ရောဝတီမြစ်၏ မြောက်ဘက် ကမ်းနား စစ်ကိုင်းမြို့သစ်၏ တောင်တံခါး ဘေးလောင်းတော် နရပတိ တည်တော်မူသော ထူပါရုံစေတီတော်နှင့် အလယ်ကြား

ဘုရားသခင်စံတော်မူဘူးသောမင်္ဂလာအိမ်တော်ရာတွင်” စသည်ဖြင့် ရေးထိုးထားလေသည်။

ဘုရင်နရပတိသည် အရပ်ရပ်စစ်ပွဲများကို အနိုင်ယူ၍ သိမ်းပိုက် တိုက်ခိုက်နိုင်ခြင်းမှာ ဘူမိနက်သန် အောင်မြေမှန်သော ဤ “သပန်အောင်မြေ” အရပ်က အောင်မြေ နင်းပြီးမှသာ အကြိမ်ကြိမ် အောင်ပွဲသဘင်ကို ဆင်နွှဲခဲ့ခြင်းဟုဆိုနိုင်ပေသည်။

အဝဘုရင် နရပတိမင်းသည် နန်းတက်ပြီးနောက် ၂-နှစ် မြောက်သောအခါ၊ သက္ကရာဇ် ၈၀၆-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ( ၁၃ ) ရက် သောကြာနေ့ နေဝန်းထွက်သည်နှင့် တပြိုင်နက်၊ မိဿ၌ စန်း-ရာဟု၊ မေထုန်၌ စနေ၊ ကရကဋ်၌ ကြာသပတေး၊ တူ၌ တနင်္ဂနွေ, ဗုဒ္ဓဟူး, သောကြာ နှင့် လင်္ဂ၊ ဓနု၌ အင်္ဂါ ဟု ဆိုအပ်သော ကောင်းမြတ်သော မင်္ဂလာ အခါ တော်တွင် “လောကမှန်ကူ” ဘွဲ့တော်ယူ၍၊ ဤ “**ထူပါရုံစေတီတော်**”ကို ပန္နက်ချ၍ တည်တော်မူ၏။

ထူပါရုံစေတီနှင့်တကွ ဇေတဝန်ရွှေကျောင်းတော် သစ္စာရဘုရားနှင့် ကျောင်းတော် စလင်းကျောင်းတော်များကိုလည်း တပြိုင်နက် တည်ကြောင်း မှန်နန်းရာဇဝင်၌ ပြဆိုထားသည်ကို တွေ့ရသည်။

## ထူပါရုံ တည်ထားပုံ အခြင်းအရာ။

သီဟိုဠ်ကျွန်း ထူပါရုံစေတီတော်ကို ဒေဝါနံပိယတိဿမင်း တည်ခဲ့သည်၊ ဘုရင်နရပတိသည်လည်း ဤထူပါရုံကို သီဟိုဠ် ထူပါရုံစေတီကဲ့သို့ အလေးအမြတ်ပြု ပုံစံယူ၍ တည်ထားခြင်း ဖြစ်သည်။

"သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿ မင်းကြီးသည် အရှင်မဟာမဟိန္ဒထေရ်ကို အမှီပြု၍ သိကြား နတ်မင်း အထံမှ ရအပ်သော ညှပ်ရိုးတော်ကို ဌာပနာလျက် တည် အပ်သော ထူပါရုံ စေတီတော်နှင့် တူသော သဏ္ဌာန် ရှိသော...."ဟူ၍လည်း ကျောက်စာတွင် ရေးထိုးထား သည်။

ထိုစေတီ၌ ကကုသန်, ဂေါဏာဂုမ်, ကဿပ ဘုရား သုံးဆူ တို့၏ ရေစစ်တော်, ခါးပန်းတော် စသော ဘုရား၏ ပရိဘောဂ အသုံးအဆောင်များနှင့် ဂေါတမဘုရားလက်ထက်အခါ ဘုရား ရှင်၏ လကျ်ာညှပ်ရိုးတော်နှင့်တကွ အဆူဆူတော် ဓာတ်တော် များကို ဌာပနာလျက်တည်ကြောင်း အဆိုရှိသည်။

သီဟိုဠ်ပုံ စေတီများသည် မြန်မာစေတီများကဲ့သို့ ပန်း တင်ခုံ၊ သို့မဟုတ် ဘိနပ်ခံ၍ တည်ကြသည်။ စေတီ၏ အောက် အခြေခံကို "ဇဃ်"ဟု ဆိုသည်။

ထို၏အထက်၌ ပစ္စယာသုံးဆင့်တက်ပြီးလျှင် အုဋ်ကျောက် တို့ဖြင့် ထူးဆန်းစွာ လုပ်ဆောင်ခြင်းဖြစ်၍ "ပစ္စယာ"ဟုလည်း ခေါ်သည်။ ထို ပစ္စယာသုံးဆင့်၏ အထက်၌ ကျောက်ပုံစု သဏ္ဌာန်, ရေပွက်သဏ္ဌာန်မျိုးပြုကြသည်။ မြန်မာတို့က သပိတ် ပေါက် ခေါ်သည်။ သီဟိုဠ်စေတီပုံများမှာ ခေါင်းလောင်းပုံ နှင့် သပိတ်မှောက်ဟူ၍ မရှိချေ။ "စေတိယကုစ္ဆိ" ခေါ်သော စေတီ၏ဝမ်းပိုက်အလယ်တွင် ဓာတ်တော်များ ဌာပနာသည်။ ယင်းကို "ဓာတုဂဗ္ဘ"ဟု ခေါ်သည်။

ယင်း၏အထက်၌ ပွတ်တိုင်သဏ္ဌာန် လက်ရမ်းများတပ်ဆင်၍ ရံပြီးလျှင် လေးထောင့်အကျယ် ခေါ်သော ရေကန်ထည်ကို ပြုလုပ်ရသဖြင့် "လေးထောင့်ခုံ"သို့မဟုတ် ပါဠိအခေါ်အားဖြင့် "ဝေဒိက"ဟု ဆိုသည်။

ယင်း၏အထက်၌ ရွှေလက်ကောက်ကွင်းများသဏ္ဌာန်ပြုလုပ်၍ အစဉ်အတိုင်း ရှူးသွတ်သွားသော စေတီ၌ ဖေါင်းရစ် ခေါ်သော အရာကို "ဆတ္တ"ဟု ခေါ်သည်။

ထို၏အထက်၌ ကြေးကို အထွတ်အဖူး တပ်ဆင်ပြီးလျှင် စေတီတော် တည်ထားပုံ အခြင်းအရာ အောင်မြင်လေသည်။ သီဟိုဠ်စေတီပုံများမှာ မြန်မာစေတီများကဲ့သို့ ကြာမောက် ကြာလန် ခရားသီး ထီးများ တပ်ဆင်ခဲ့ခြင်းမရှိ။

ဘုရင် နရပတိမင်းတရားသည် ထူပါရုံကို တည်တော်မူစဉ် ထူပါရုံဘုရားအနောက်ဘက် တာပေါင်း (၁၀၀) ခန့် အကွာ ငါးထပ်ကြီးအနောက်ကန္တားတော်အရပ်၌ယာယီနန်းတော်သစ် ဆောက်လုပ်စေပြီးလျှင် မင်း-မိဖုရား, သားတော် သမီးတော် မှူးတော် မတ်တော်များနှင့် စစ်သည်များ ဝန်းရံလျက်နေချိန် ဖြစ်သည်။

ဗျာဒိတ်ခံ ပသေနဒီကောသလမင်း ဘဝမှ သက်ဆင်း ရောက်ရှိလာသော ဆုပန် ရင့်မာတကျိပ်အပါအဝင်ဟု အဆိုရှိ သည်။ အလောင်းအလျာတို့ ကျင့်အပ်သောစိတ်ဓာတ်မျိုး ကိန်း ဝပ်လျက်နေသော ဘုရင်ဖြစ်၍လည်း စစ်တိုက်ခြင်း ... ဆင်နွှဲရသော စစ်ပွဲကြီးများ အောင်မြင်နိုင်၍ တိုင်းပြည်သာယာ

ကမ္ဘာအေး၊ ရန်ကုန်

စည်ကားရေး, ဘာသာ သာသနာရေးတို့ကို အားပေး အုပ်စိုးသော မင်းတပါးဟု ထင်ရှားခဲ့ခြင်းဖြစ်သည်။

ဘုရင်မင်းမြတ်သည် ယာယီနန်းတော်တွင် ညီလာခံတော်မူသည့်တနေ့၌—

"မင်းကြီးများ"

"ဘုရား"

"ငါကိုယ်တော်မြတ်သည် ခမည်းတော်အရိုက်အရာဖြစ်သော အဝ ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူသည့်အချိန်ကစ၍ စစ်မက် ရန်စွယ် အန္တရာယ်များကို အလွယ်တကူ အောင်လံ လွှင့်ထူနိုင်ရုံမက, သည် ထူပါရုံကို ပန္နက်ချ၍ တည်လာရာမှာ(၃)နှစ်စာရင်းသို့ ဝင်ရောက်လာခဲ့ပေပြီ"

"မှန်လှပါကြောင်းပါ"

"ဘုန်းတော်ကြီးလှသော အရှင်မင်းဟာရားကြီး၊ဘုန်းလက်ရုံး အာဏာတော်ကို မြေပြင်အလုံး ဖြန့်မိုးတော်မူလျက် ထူပါရုံ စေတီ တည်တော်မူခဲ့ရာ လွန်စွာခမ်းနားလှကြောင်းပါဘုရား"

"အင်း....ပုဂံခေတ် စည်းခုံစေတီတော်ကို ဘေးလောင်းတော် ကျန်ရစ်မင်းတရား တည်တော်မူစဉ်အခါ လူတရစ် နတ်တရစ် တည်လာကြောင်း အဆိုရှိပေသည် မင်းကြီးများ"

"စည်းခုံစေတီ တည်တော်မူစဉ် နတ်အများ ကူညီ၍ တည်ကြောင်း အဆိုရှိငြားသော်လည်း အရှင့် ကုသိုလ်တော် ထူပါရုံ တည်တော်မူရာမှာတော့ နတ်များ ကူညီရန်မလိုတော့ဘဲ အရှင်

မြတ်၏ ဘုန်းသမ္ဘာ ထက်မြက် ကြီးမားတော်မူလှသဖြင့် ကူမ, ကြရန် မရှိဖြစ်ကြောင်းပါ ဘုရား”

“ ရှိပစေတော့ မင်းကြီးများ”

“သုံးနှစ် သုံးမိုးပြည့်သည့်အခါ ငါ-ကိုယ်တော်မြတ် သဘင်ကြီးစွာခံပြီး ဌာပနာများ သွင်းနှံတော်မူမည်”

× × × × ×

## ထူပါရုံစေတီတွင် ဌာပနာခြင်း။

ဘုရင်နရပတိသည် မင်းမိဖုရား, ကိုယ်လုပ်တော် အပေါင်းခြံရံလျက် အဝ ရွှေနန်းတော်မှ စစ်ကိုင်းဘက်သို့ဌာပနာ ဓာတ်မွေ့တော်များကို သဘင်ကြီးစွာခံလျက် မင်းညီ မင်းသား မင်းဆွေစိုးမျိုး မှူးမတ်တော်အပေါင်း ကြပ်မ၍ ထွက်တော်မူကြီး ထွက်တော်မူသည်။

ဌာပနာသွင်းထားသော ဓာတ်တော် မွေ့တော် စေတီရုပ်ပွားတော်တို့မှာ ခန့်မှန်းမရနိုင်အောင် လွန်စွာများလှသည်၊ ရွှေအဆင်း, ပုလဲအဆင်း, မြလေးငုံအဆင်းနှင့်တူသော သရီရဓာတ်တော်များကို ပတ္တမြားစေတီတွင် ငုံလျက်ထည့်သည်။ ၎င်းကို ရွှေအတိပြီးသော စေတီမြှုပ်သည်။ ထိုနောက် မိုးကြိုးစေတီ, ငွေစေတီ, ကြေးနီစေတီ အသီးသီးငုံလျက် မြှုပ်သည်။

ထို့ပြင် ရုပ်ပွားတော်အဆူဆူ၊ ပတ္တမြားဆင်းတု၊ မြ,နီလာ သန္တာန်, ဥဿဘယား, ကြောင်မျက်ရွဲ, ပယင်း, နဂါးသွဲ့, ဂေါမိတ်, ဖာလ်-ဆင်းတုများ။

လက်ျာတော်ရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန် ဓာတ်တော်များ, ရုပ်တုတော်နှင့်တကွ နှစ်ကျိပ်ရှစ်ဆူ သတ္တဌာန ခုနစ်ဆူ၊ အသီတိ ရဟန္တာရှစ်ဆယ်၊ ရွှေကို သွန်းထု သော ရုပ်ပွားတော်များ၊ မရေမတွက်နိုင်သော ရတနာများ၊ အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကိုလည်း ရွှေပေ, ငွေပေတွင် ရေး၍ ရွှေစာထောက် ငွေစာထောက်များ၊ မြိုက်မြိုက်အသွား ရှသော လှံ, ဒါး, သံဆူး,သံချွန်,စက်ယန္တရား တို့ဖြင့် မထိကောင်းအောင် ခြံရံစီရင်ပြီးလျှင် ဌာပနာတော် မူသည်။

ထို့ပြင် ဘုရင်မင်း၏ ရုပ်တုတော်ကိုလည်း မင်း အဆောင် အယောင်နှင့်တကွ ရွှေကိုသွန်း၍ တန်ဆောင်တိုင်ကိုင်၍ ရှိခိုး တော်မူဟန်၊ ခမည်းတော်-မယ်တော်, ရှင်မိဖုရား, သမီးတော်, မြေးတော်, သားတော်, အရုပ်များ။ ရွှေကိုသွန်း၍ တန်ဆောင် တိုင်ကိုင်လျက် ရှိခိုးဟန်များ ထည့်သွင်းလေသည်။

ဤသို့ ဓာတ်မွေတော် ရုပ်ပွားစေတီ အဆူဆူနှင့်တကွ ရုပ်တု တော်များကို ခမ်းနား သပ်ယပ်စွာ စီရင် ပြုလုပ်ပြီးလျှင်— သက္ကရာဇ် ၈၀၉-ခုနှစ်တွင် မကြုံစဖူး ထူးကဲအံ့ဩဖွယ် သဘင် ကြီးစွာခံလျက် ဌာပနာတော်မူသည်။ ဌာပနာ တို့ကိုလည်း အထပ်ထပ် စေ့စပ်သေချာစွာပြုလျက် အုဋ္ဌတထပ် နရပတေ အထပ်ထပ်၊ ကျောက်-သဲ အထပ်ထပ်တို့ဖြင့် မွမ်းမံ၍ သလွဲမည်း ရည်တို့ကို သွန်းလောင်းလျက် ပိတ်ဖုံးတော်မူသည်။

## ထူပါရုံစေတီ ရွှေထီးတော်တင်ခြင်း။

ဘုရင်နရပတိမင်းတရားသည် တိုင်းပြည် သာယာ အေးချမ်းရေး၊ ပြည်ပ အရေးများကို အခါအားလျော်စွာ အောင်ပွဲခံယူတော်မူနေစဉ်မှာပင် ၃-နှစ်ကျော်ကြာလျှင် ထူပါရုံ ဌာပနာနိုင်လေသည်။

တနေ့သ၌ သားတော် အိမ်ရှေ့မင်း, သားတော် သတိုးကျော်သည် အရိုးတော်ဘုရား စစ်ကိုင်းမိဖုရား သမီးတော် မင်းဖဲကြီးနှင့် ချစ်ရည်ငံနေကြသည်ကို စစ်ကိုင်းမိဖုရား သိသောအခါ မယ်တော်အား တင်လျှောက်သည်။

ထိုအခါ ဘုရင်နှင့် မိဖုရားတို့က မြေးတော် သတိုးကျော်ကို အမျက်တော်ရှသည်။ မြေးတော် မင်းဖဲကြီးကိုလည်း နန်းတွင်းသို့ ခေါ်ယူထားလေသည်။ သတိုးကျော်ကလည်း ဘိုးတော် ဘွားတော်တို့အား စုံဘက်ပေးရန် အကြိမ်ကြိမ် နားပူ လျှောက်တင်သည်။ ဘိုးတော်နှင့် ဘွားတော်တို့ကလည်း စုံဘက်ပေးတော်မမူလိုသဖြင့် မြေးတော်အား အစောင့်အရံနှင့် ချထားလေသည်။

သတိုးကျော်မင်းသားသည် မိမိချစ်ကြည်နေသော ချစ်သူ မင်းဖဲကြီး နေရာအဆောင်ခန်းသို့ ညအခါ တိတ်တဆိတ် ဝင်ရောက် တွေ့ဆုံကာ ချစ်တင်းဆိုနေရာတွင် မင်းမှုထမ်းများက သတိုးကျော်ကို အရအမိဘမ်းကြသည်။

မင်းမှုထမ်းများက သတိုးကျော်ကို ဘမ်းဆီး၍ ဘုရင်အား ဆက်သကြရာ၊ ဘုရင်နရပတိသည် ပြင်းစွာအမျက် ထွက်တော်မူပြီး သတိုးကျော်မြေးတော်အား ခြေနှင့်နင်းခြင်း,အနာအကျင် ရိုက်နှက်၍ ဆုံးမခြင်း ပြုလေသည်။

မိမိတို့ချစ်ခြင်းကို ရှင်ကွဲ,ကွဲစေသော ဘိုးတော်အား ထိုအချိန်မှစ၍ အမျက်ရန်ညိုးထားသည်။

စစ်ကိုင်းမြို့တွင် ၈၂၅-ခုနှစ်က တည်ခဲ့သော "ညီအမ ကောင်းမှုစေတီ" နှစ်ဆူ ဒါယိကာမ, စစ်ကိုင်းမင်းသမီး၏ သမီးတော်အား သတိုးကျော်က ချစ်နေခြင်းဖြစ်သည်။ ဤ စေတီနှစ်ဆူမှာ နရပတိ၏ သမီးတော်များဖြစ်သော စစ်ကိုင်း မိဖုရား နှင့် ပုခန်းမိဖုရား ညီအမ တို့၏ ကောင်းမှုတော်များ တည်း။

ဘုရင် နရပတိသည် ထူပါရုံကို ၈၀၆ - ခုနှစ်မှစ၍ တည်ရာ၊ ၈၁၆-ခုနှစ် (၁၀) နှစ် အကြာတွင် အောင်မြင် ပြီးစီးခြင်းသို့ ရောက်လေသည်။

ဤ ထူပါရုံစေတီနှင့် ရွှေကျောင်းတော်များကို ၁၀-နှစ် တိုင် ကြာမြင့်စွာ တည်နေရခြင်းမှာလည်း ကုသိုလ်ကောင်းမှု ကိုချည်း ဦးစိုက်ပြုလုပ်နေရသည်မဟုတ်၊ ရင်ဆိုင် တွေ့နေသော စစ်မက်ရေးရာ နိုင်ငံတော်သာယာရေး, နန်းတွင်းရေး စသည် များကိုလည်း မျက်ခြေမပြတ် ဆောင်ရွက်လျက်ရှိသဖြင့် ဤမျှ ကြာမြင့်သည်ဟု ဆိုနိုင်ပေသည်။

၈၁၆-ခုနှစ်သို့ရောက်သောအခါ ထူပါရုံစေတီနှင့် ကျောင်း တော်ကြီးများကို ရွှေထီးတင် ရေစက်သွန်းချနိုင်သည်။ ရွှေထီး

အထွတ်တင် အခမ်းအနား ကျင်းပသောအခါ ဘုရင်မင်းသည် **အဝ** နေပြည်တော် ရွှေနန်းတော်ကသည် ရောဝတီ မြစ်မကြီး **ကို** တံတားကူးစေ၍ စစ်အင်္ဂါလေးပါးခင်း၍ ချီတက်ပြီး ထွက်တော်မူကြီး ထွက်တော်မူသည်။ ပြာသာဒ် မဏ္ဍပ် နန်းတော်သစ်များ ဆောက်လုပ်စေပြီး ယာယီစံမြန်းတော်မူသည်။

စစ်အင်္ဂါလေးပါးနှင့်တကွ ရဟန်းရှင်လူ ပြည်သူ ပြည်သား အပေါင်းတို့ ကောင်းစွာလျှောက်နိုင်အောင် ရောဝတီမြစ်ကူး တံတားကြီး ဆောက်လုပ်ထားပြီးဖြစ်၍ အလွယ်တကူဖြတ်သန်းသွားလာနိုင်ကြသည်။ ကြီးစွာသော "အသဒိသ" အလှူတော်ကြီးကို လှူတော်မူ၍ သာဓု-ခေါ်တော်မူသည်။ ဤ ထူပါရုံ ထီးတင်ပွဲသို့ ကြွရောက်တော်မူလာကြသည့် သံဃာတန်းရှည်ကြီး မှာ အဝနေပြည်တော်နှင့် စစ်ကိုင်းကို တဆက်တည်း ဆက်မိနေကြောင်းကိုလည်း သမန္တစက္ခုဒီပနီတွင်—

> "ထောင်ပေါင်း များစွာသော သံဃာတော်တို့သည် တရပတ်ဖြူထမ်း၍ချည်း ကြွတော်မူကြရာ၊ ဆင်များရှင် ရွှေကျောင်းသို့ ရှေ့ဖျား သံဃာရောက်ကာလ အင်းဝ စကားကျောင်းမ ဆရာတော်ကြီး ထီးဖြူ နှစ်ချက် ဆောင်းလျက် အရှေ့တံခါး မော်ကွန်းတိုင်စိုက်တံခါးဝ သို့ ရောက်ကာရှိသေးသည် "

ဟု ဖေါ်ပြထားသည်။ ထူပါရုံ ထီးတင်ကာလတွင် သီဟိုဠ်ကျွန်း တိုင်အောင် ရဟန်းသံဃာအများ ပင့်တော်မူကြောင်း ကိုလည်း အဆိုရှိသည်။

ထိုပြင် သီဟိုဠ်ကျွန်း စသော ကျည်းပြည်, ဟံသာဝတီ, ယိုးဒယား, လင်းဇင်း, တနင်္သာရီ, မျက်နှာမည်း, တရုပ်ဥတည်ဘွား ကမိုင်းစည်စော်ဘွား, ဝန်စင်စော်ဘွား စသည်တို့ အလုံးအရင်း နှင့်တကွ လာရောက်ကြပြီးလျှင် မင်းဆက်တကာတို့ မခံစဘူး ထူးကဲကြီးကျယ်သော သဘင်ခံတော်မူကြောင်း ရာဇဝင်ဆရာ တို့ကလည်း မှတ်တမ်းတင် ဖေါ်ပြထားသည်။

ထူပါရုံ ထီးတင်ရာ၌—

"ရွှေတသိန်း, ငွေရှစ်သိန်း အဘိုးများစွာ တန်သော ကောတုမ္ဗရာဇ်တိုင်းဖြစ် သင်္ကန်း အစုံတသောင်း, ဆင် ပေါက် ဟိုင်းဆင်မ-၅၀၀၊ ကျွဲ-နွား-ဆိတ် တသိန်း ပေးလှူကြောင်း"ကိုလည်း ထူပါရုံဘုရားကျောက်စာ၌ ရေးထိုးထားသည်။

မဏိရတနာပုံကျမ်းအရဆိုလျှင်—

"အဝနှင့် စစ်ကိုင်းအကြားတွင် စီးသော ဧရာဝတီ မြစ် ကြီးကိုလည်း အပေါ်ဝယ် တံတားခင်း၍ ဆင်-မြင်း ရထား ဝန်တင်ဗိုလ်ပါတို့ကိုသွားစေ၍ မြတ်လှစွာသော အလှူကြီးကို ပေးတော်မူ၏။ ယွန်းပြည်, တလိုင်းပြည်, ရခိုင်ပြည်, သိန်းခိုကျွန်း တိုင်အောင် လှူတော်မူသော အလှူကား ငွေတသိန်း, ဆိတ်တသိန်း, နွားတသိန်း, ကျွဲတသောင်းလေးထောင်, မြင်းတထောင်, ဆင်သုံးရာ ဤသို့သော ဥစ္စာတို့ကို လှူတော်မူ၏...." စသည့်ကွဲပြား ချက်များ ရှိသည်။

## စကားတောင်စားအမတ် စကားဖြင့် အနိုင်ယူခြင်း။

ထူပါရုံစေတီတော် ထီးတင်လှူသည့် သတင်းမှာ အောက်အရပ် ဟံသာဝတီစသော တလိုင်းပြည်များတိုင် ပျံ့နှံ့ ကျော်စောလေသည်။

တနေ့သောအခါ အောက်ပြည် ဟံလာဝတီသို့ သံအဖြစ်နှင့် အဝ နေပြည်တော်မှ သွားရောက်ရသော စကားတောင်စားအမတ်သည် ဟံသာဝတီပြည်သို့ ရောက်ရှိရာ၊ ဟံသာဝတီဆင်ဖြူများရှင် ဘုရင်မင်းတရား ကောင်းမှုတော် ထီးတင်ပွဲတော်ကြီးနှင့် တိုက်ဆိုင်ကြုံတွေ့လေသည်။ စကားတောင်စားအမတ်သည် ယင်းသို့ ထီးတင်ပွဲနှင့် တွေ့ကြုံရာ ဟံသာဝတီဆင်ဖြူများရှင်ဘုရင်မင်းနှင့်တကွ ဟံသာဝတီပြည်သူအပေါင်းတို့အား စကားဖြင့် အနိုင်ယူ စကားတင်စီးနိုင်ရန် အခွင့်ထူးကောင်းတရပ် ပေါ်ပေါက်လာပေသည်။

ဟံသာဝတီတွင်ရှိနေသော စကားတောင်စားသည် ဘုရင်ကိုယ်တိုင် ထီးတော်တင်လှူပွဲကို ကိုယ်တော်တိုင် ထွက်ချီတော်မူပြီးလျှင် စကားတောင်စားအမတ်အားလည်းကြည့်ရှုစေသည်။

ဟံသာဝတီ ဆင်ဖြူများရှင်မင်းက- "ယခု ငါကိုယ်တော်မြတ် သဘင်ကြီးစွာခံ၍ ထီးတော် တင်လှူတော်မူသောပွဲကဲ့သို့ အဝနေပြည်တော်မှာ သည်ပွဲသမ်းမျိုးလို စည်ကားဘူးသလော" ဟု မေးတော်မူသည်။

ထိုအခါ စကားတောင်စားအမတ်က—"အရှင်မင်းတရားကြီး ဘုရား၊ ဗျာဒိတ်တော်အတိုင်း အဝနေပြည်တော်တွင် ကျင်းပသော သဘင်တို့မှာ များလှပါကြောင်းပါ။ ထူပါရုံစေတီတော်ကြီးကို ရွှေထီးတင်ပြီး၍ ပွဲစဲသည်ဟုပြောဆိုကြသည်နှင့် ယခုကြုံတွေ့နေသောပွဲတော်မှာတူမျှကြောင်းပါ"ဟူ၍ပြန်လည်သံတော်ဦး တင်လေသည်။

ထိုပြင် ဟံသာဝတီဆင်ဖြူရှင်မင်းတရားသည် အဝ ရွှေနန်းရင်ပြင်မှာ မည်မျှ ကျယ်သနည်းဟု မေးတော်မူရာ၌လည်း "ဘဝရှင်ဘုရား ရွှေနန်းရင်ပြင်ထက် တတာကျယ်၏" ဟု လျှောက်တင်သည်။ ဆင်ဖြူရှင် မင်းတရားက "တတာလွန်ကြောင်း အကယ့်ကြောင့် သိရသနည်း"ဟု မေးမြန်းတော်မူပြန်ရာ— "ကျွန်ုပ် ကျွန်အလုမ်းတွင် တာပါသောကြောင့် သိနိုင်သည်"ဟု ဖြေကြားသည်။

ထိုဖြင့် အဝသို့ အမြန်သွားရောက်၍ တိုင်းလေသော် ပဲခူးရွှေနန်းရင်ပြစ်ထက် အင်းဝရွှေနန်းရင်ပြင်သည် တတာမျှ လွန်နေသည်မှာ မှန်နေပေသည်။

စကားတောင်စားအား ဤသို့ တင်လျှောက်ခြင်း ကိုပင် "တက်တင်မောင်းနှင်း စကား" ဟု ပညာရှိများ ဆိုကြသည်။ ဟံသာဝတီ ဆင်ဖြူရှင်သည် စကားတောင်စား အမတ်အား လွန်စွာ ကျေနပ်အားရတော်မူလှ၍ ဆုများစွာ သနားသော ဟူ၏။

## ရောဝတီ မြစ်ကူးတံတားကြီး။

အဝ ဘုရင်မင်းမြတ်သည် ထူပါရုံစေတီ ထီးတော်တင်လှူပွဲသဘင်၌ အသုံးပြုနိုင်ရန် ကြီးကျယ်ခိုင်ခန့်လှသော ရောဝတီမြစ်ကူးတံတားကြီးပြုလုပ်ခဲ့သည်။ ဤတံတားကြီးသည် ပထမဆုံးကူးသန်း သွားလာနိုင်အောင် တည်ဆောက်ခဲ့၍ "ပထမ အင်းဝတံတားကြီး"အဖြစ် သမုတ်ခေါ်ကြသည်။

ဤတံတားနှင့် စပ်သွယ်၍ မျက်မြင်ကိုယ်တွေ့ဆိုနိုင်လောက်သော စာဆိုတော် ပညာရှိ ရှင်သူရဲသည် ဘုရင်နရပတိမင်း၏ မြစ်တော် သခင်ထွေးအား ချောင်းဖွဲ့၍ နားတော်သွင်းခဲ့ဘူးသည်။ ယင်းကို "သခင်ထွေး ချောင်း"ဟူ၍ ခေါ်ဆိုကြသည်။သခင်ထွေး ချောင်းကို ဖွဲ့ဆိုသော စာဆိုတော် ရှင်သူရဲသည် ဘုရင်နရပတိ ခေတ်နှင့်လည်း အလွန်နီးစပ်နေသည်။

> "ရှစ်ဖေါ်မှန်ကင်း၊ မင်းထက်မင်းဟု၊ တိမ်းတင်းအောက်ထက်၊ အာဏာစက်ကို၊ မရွက်နိုင်ဘိ၊ ကျွန်းလုံးပိသည်၊ နရပတိတည့် ရှင့်ချစ်ဆေး...."


ဆိုသည့်အတိုင်း၊ဘုရင်နရပတိ၏မြေးတော် မင်းသမီးကလေး သခင်ထွေး၏ အနွယ်တော်ကိုလည်း သိသင့်ပေသည်။

၇၂၆-ခု၊ သတိုးမင်းဖျား အဝတည် မင်းဆက် ၁၀-ဆက်မြောက်, မိုးညှင်းမင်းသားတော်အငယ် နရပတိ (ထူပါရုံ ဒါယကာ) ၈၀၄-ခု နန်းတက်, သားတော် သမီးတော်များအနက် သမီးတော် မင်းလှထွတ်ကား စစ်ကိုင်းမြို့စား၏ မိဖုရားတည်း။

အိမ်ရှေ့မင်းတွင် သားတော်ကြီး နော်ရထာနှင့် သတိုးကျော်တို့ ဖြစ်ရာ၊ သတိုးကျော်သည် အရိုးတော် စစ်ကိုင်းမိဖုရား၏ သမီးတော် အကြီး မင်းဖဲကြီးနှင့် စုံဘက်တော်မူသည်။ သတိုးဓမ္မရာဇာဘွဲ့ခံ သတိုးကျော်နှင့် မင်းဖဲကြီးတို့မှ သမီးတော် သုံးပါးရှိရာ မင်းရွှေကျူ၊ မင်းလှထွတ်နှင့် ချောင်းဘွဲ့ခံ ရှင်ထွေးတို့ ဖြစ်သည်။ ရှင်ထွေးမှာ ဂ၃ဂ-ခုဘွားဖြစ်သည်။ ဂ၄၂-ခုနှစ်တွင် ဘုရင် မဟာသီဟသူရ အနိစ္စရောက်၍ သားတော်အကြီး အိမ်ရှေ့မင်း ပြုသည်။ ဒုတိယမင်းခေါင်တွင်သည် တံတားဦးတည် မင်္ဂလာစေတီတော် ဒါယကာလည်း ဖြစ်သည်။

ထိုမင်းလက်ထက် သတိုးကျော် အနိစ္စရောက်ရာ၊နောင်တော် ဒုတိယ မင်းခေါင်သည် ညီတော် သတိုးကျော်၏ သမီးတော် ၃-ပါးကို သမီးတော်အရင်းအတူ ချစ်မြတ်နိုးတော်မူသည်။ ဒုတိယမင်းခေါင်လက်ထက်စာဆိုတော် ရှင်သူရဲသည် သခင်ထွေး အား ချောင်းဖြင့် ဆွေတော်အစဉ်များကို ရွေနားတော်တင်ခြင်း ဖြစ်သည်။

စာဆိုတော် ရှင်သူရဲမှာ ရှင်-အမည်ခံသော်လည်း ရဟန်း စာဆိုတော်မဟုတ်၊ တောင်ငူခေတ် ဂ၅၀-ခန့်က ထင်ရှားသော ရှင်ထွေးနာသိန်နှင့် ၉၇၅-ခန့်က ရှင်သံခို စာဆိုတို့ကဲ့သို့ပင် လူ ပုဂ္ဂိုလ်ဖြစ်သည်။ ရှင်သူရဲ အဝမြို့ဇာတိဖြစ်၍ ဂ၀၄-ခု နန်းတက် သော ဘုရင် နရပတိလက်ထက်မှ ဂ၄၂-ခု နန်းတက်သော ဒုတိယမင်းခေါင်လက်ထက်တိုင် စစ်အမှုထမ်းနှင့် ခ,စား ထမ်း ရွက်သူလည်းဖြစ်သည်။ စစ်အမှုထမ်းရင်းမှာပင် စစ်ချီ မောင်ဖွဲ့ မယ်ဖွဲ့များကိုလည်း စပ်ဆိုခဲ့သည်။ သခင်ထွေးချောင်းမှာ ချောင်း ၁၂-စောင်အနက် ရှေးအကျဆုံးဟု အဆိုရှိသည်။



ထူပါရုံဘုရားကြီး ပြုပြင်ရာ၌ ဒီပါမြေဆရာတော်ဘုရား၏ ပါရမီကို
ကူညီဖြည့်စွမ်းလျက်ရှိသော
ရန်ကုန်ဆရာတော်-ဦးဣန္ဒက (ဦးစိန်အောင်) ပုံတော်။

"နရာတမွတ်၊စေ့ဘုန်းထွတ်ကား၊ရှိညွှတ်ရှင်တော်၊မြွတ်
သုံးဘော်၌၊မွေ့လျော်ပေးလှူ၊နိဗ္ဗာန်ချူလျက်၊ မျိုးတူ
ရောင်နု၊ သားတစုနှင့်၊ ယခုမြစ်မြေး၊ ကိုယ်လေးနှင်နှင်၊
သဘော်တင်၍၊ကျွန်ဝင်ရာစင်း၊ထီးဆောင်းမင်းကို၊ ဘန်
ဆင်းဖြဖြ၊လုပ်ကြံချ၍၊ ရစ်ကျယဉ်ပြောင်၊ ပန်းလောင်ဧ
ရာ၊ သိတာလခြား၊ တောင်နူတ်ဖျားထက်၊ ဘုရားရွှေပုံ၊
"ထူပါရုံ"ဟု၊နိတုံအာနိ၊ တခဲစီသည်၊ မြင်ညီတည့်ရပ်နီး
ဝေး၊ ဧ့လည်း ယဉ်ယဉ်ဧ...." ဟူ၍ဂုင်း။

"ဘုရားထူပါ၊စွယ်လကျ်ာဟု၊ရတနာမျိုး၊ရှင်တော်ရိုးဖြင့်
ပုထိုးကျောင်းဂူ၊ တည်တော်မူမှ၊ ရှေးသူဘေးလောင်း၊
မကြံတောင်းတည့်၊ မြစ်ကြောင်းနှစ်ဘက်၊ ခုံသေနှက်ပြီး၊
ကျည်းရွက်လှိုက်ခတ်၊ သံတိသတ်၍၊ ရဟာတ်စက်ချား၊
ယန္တရားတိုင်ရှင်၊ ရေကောင်းကင်၌၊ သွယ်ငင်ကြိုးများ၊
တံတားအချင်း၊ ခတ်အောင်ခင်းမှ၊ သံလျင်းရဆား၊
လှည်းနွားဝန်တင်၊ မြင်းဆင်သင့်ကူး၊အထူးထူးဖြင့်၊ ပေး
ကျူးပေးသိး၊ပေးပြီးအလှူ၊ပေးတော်မူမှ၊သည်းအူရင်
သွေး၊ တသွန်ဖွေးသား၊ သားထွေး-သားလတ်၊ ကျိုင်း
ယောင်ထွတ်နှင့်၊ ကြင်ဆွတ်မညီး၊ သားသွီးတွင်၊ စောမိး
ကြင့်နှန်း၊ ကိုယ်စားမှန်းသော်၊ ရွှေနန်းပွင့်ရိုး၊ ရှင့်ချစ်ဘိုး
လျှင်၊ ရန်မျိုးပယ်သင်၊ ဘိသိက်တင်သည်၊ ရွှေစင်တည့်
မြောက်သမ္ဘေး၊ ဧ့လည်း ယဉ်ယဉ်ဧ...."ဟူ၍ဂုင်း။

စပ်ဆိုထားသည်နှင့်အညီ၊ဤတံတားကြီးမှာ မြစ်တဘက် တချက်

ဆိဉ်တံတားနှင်းခုံကို ခိုင်မြဲအောင် အသေ စိုက်ထူလျက် ယန္တရား တိုင်ရှင်ကောင်းကင်ကြိုးတို့ဖြင့်ပြု လုပ်ထားသည်ဟု ယူဆဖွယ် ဖြစ်သည်။

(အလားတူ ပထမနဝဒေး ဖွဲ့ဆိုသော ယိုးဒယား)

**မှတ်ချက်။** ။အဝ ဘုရင်နရပတိမင်းလက်ထက် တည်ဆောက်ခဲ့သော ပထမအင်းဝတံတားကြီးကိုထောက်လျှင် ယခုမြင်တွေ့နေရသော လက်ရှိအင်းဝတံတားကြီးကို 'ဒုတိယအင်းဝတံတားကြီး' ဟု ခေါ်သင့်သည်၊ ပထမ မြစ်ကူးရာ၌ စစ်ကိုင်းနှင့် အင်းဝ ဖြတ်ကျော်ကူးသည်၊ လက်ရှိ ယခုတံတားမှာ ရွှေကြက်ယက် (သပြေတန်းခံတပ်)ဘက်မှ စစ်ကိုင်းဘက်သို့ ဧရာဝတီမြစ်ကို ဖြတ်ကျော်ကူးဖွဲ့ထားသည်၊ ခရစ် သက္ကရာဇ် ၁၉၂၄-ခု၊ အင်္ဂလိပ်မင်း လက်ထက် စတင် ဆောက်လုပ်ခဲ့၍ (၁၀) နှစ်ကြာသောအခါ မြန်မာနိုင်ငံဘုရင်ခံ"ဆာဟူလင်းစ် ဒေါင်းစတီဖင်ဆင်" (ကေ-စီ-အက်စ်အိုင်၊ကေ-စီ-အိုင်-အီး-အိုင်စီအက်စ်)က ၁၉၃၄-ခုနှစ်ဇန်နဝါရီလ ၂-ရက် နေ့တွင် ဤတံတားကြီးကို ဖွင့်လှစ် ပေးခဲ့သည်၊ စစ်ကိုင်းနှင့် အမရပူရကြားရှိ ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့၍ "စစ်ကိုင်းတံတားကြီး"ဟူ၍လည်း ခေါ်ကြသည်၊ ဤတံတားကြီး၏ ကုန်ကျစရိတ်ငွေမှာ ၁၄၃-သိန်း ဖြစ်သည်၊ "ရွှေကြက်ယက်နှင့် ထူပါရုံ လှည်းလမ်းစုံစွာပေါ်သောခါ ကမ္ဘာ့ဆူဝေပျက်လတံ့" ဆိုသည့် သိုက်စာအရ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ၁၉၄၂-ခုနှစ် အင်္ဂလိပ်များ မြန်မာပြည်မှ ဆုတ်ခွါကာနီး ထိုနှစ် မေပြီလ ၃၀-ရက်နေ့၊ ည ၉-နာရီတွင် အင်္ဂလိပ် တို့ကပင် ဒိုင်းနမိုင်းနှင့်ခွဲ၍

ဖျက်ဆီးခဲ့ပြန်သဖြင့် ပြန်လည် ပြင်ဆင်ရာ ၅၇-သိန်းကျော် ကုန်ကျပြီးလျှင် လွတ်လပ်ရေး ရပြီးနောက် ၁၉၅၄-ခုနှစ် အောက်တိုဘာလ ၂၇-ရက် နေ့တွင် မြန်မာ နိုင်ငံတော် သမတကြီး ဒေါက်တာဘဦးက ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်၊ ဤတံတားကြီးမှာ ဂုံး(၁၀)ဂုံးရှိ၍ ဂုံးကြီး(၉)ဂုံးမှာ အရှည်, ပေ(၃၆၀)ဖြစ်သည်၊ အလေးချိန် တန်(၁၄၀၀)၊ ဂုံးသေးတခုမှာ အရှည်, ပေ(၂၆၀)၊ အလေးချိန် တန်(၁၀၀၀)ရှိသည်။
မိဖုရားချောင်းတွင်လည်း....

"ဘုံရွှေကြငှန်း၊ နန်းနှင့်မြောက်ကာ၊ မြောက်မျက်နှာ၌၊ ထူပါမွေပေါင်း၊ ကျောင်းတော်ဗိမာန်...." ဟူ၍၎င်း။
"ရောယဉ်ပြောင်၊ မြောက်နှင့်တောင်ကို၊ မြဲအောင်ကျပ်ကျပ်၊ လှေချင်းထပ်၍၊ မြစ်စပ်လျှင်းအောင်၊ တံတားဖေါင်နှင့်၊ ဆင်ပြောင် မင်းလျင်၊ ဝန်တင် လှည်းနွား၊ လျှောက်သွားခေါ်ကျေး၊ လှူကြီးပေးရှင့်...." ဟူ၍၎င်း

ဖွဲ့ဆိုထားသည်၊ နဝဒေးကြီးခေတ်ဆိုလျှင် ရှင်သရဲခေတ်နှင့် အတန်ငယ်ကွာလှမ်းခဲ့ရာ ဤ စာဆိုတော်ကြီး နဝဒေး၏အမြင်မှာ လှေအချင်းချင်းယှဉ်ကူးဆက်စပ်လျက် လှေချင်းညပ်အောင် ခိုင်မြဲစွာပြုလုပ်သော "လှေဖေါင်းတံတား" ဟူ၍ မှတ်ရပေလိမ့်မည်။

## ထူပါရုံ အမြင့်ဉာဏ်တော်နှင့် လုံးဝန်းတော်။

ဤထူပါရုံစေတီ၏ အမြင့်ဉာဏ်တော် အတောင်မှာ-၁၃၀ မျှရှိကြောင်းဆိုခဲ့ပြီ၊ လုံးဝန်းအနေကို ဖေါ်ပြရလျှင် အတောင် ၂၅၄-တောင်မျှရှိသည်၊ သို့ဖြစ်၍ အမြင့်ဉာဏ်တော်လည်း မြင့်မား၍ လုံးဝန်းတော်မှာလည်း အကြီးမားဆုံး ဆိုနိုင်သည်။

ဤထူပါရုံစေတီသည်အမြင့်အားဖြင့် ကောင်းမှုတော်(ရာဇ စူဠာမဏိ) ဘုရားစေတီကြီးထက်ပင် ၂၉-တောင်မျှ ပိုစွန်း မြင့် မောက်၍ ရတနာစေတီ (ဆင်များရှင်) ဘုရားထက်လည်း ၁၀ တောင်မျှ ပိုမြင့်ကြောင်း အဆိုရှိသည်။

လုံးဝန်းတော်မှာ ၂၅၄-တောင်ရှိ၍ ဘိနပ်တော်မှာ ၈၄ တောင်နှင့် ၂-မိုက် ဖြစ်သည်၊ ထို ၈၄-တောင် ၂-မိုက်အဝန်းအ တွက်၃-နှင့်မြှောက်လျှင် ၂၅၄-တောင်မျှ စေတီတော်၏အချင်း ကိုလည်း သိသာနိုင်ပေသည်။

"ထုပဝင်မြတ်စွာ၊ စိန္တေယျာတွင်၊ လှည့်ကာပတ်ထား၊ ကိုယ်စားတော်ရည်၊ကိုးကွယ်သည့်ကား၊ပထမမှာ "ဆင ကာ"တည့်၊ဒုတိယမှာ"ပဉ္စာဇယ"၊တတိယကား"ဇယအ ဋ္ဌာ"ပေါင်းလိုက်ပါလျှင်၊ သုံးရာခြောက်ဆယ်၊ ရုပ်ပွား ဆွယ်သည်၊ သပ္ပါယ်ပုထိုးစေတီတည်း။

ဟူသည့် မှတ်တမ်းလင်္ကာအရ ပထမ ပစ္စယာခါးလယ်တွင် ရုပ်ပွားတော် ၆၁-ဆူ၊ ဒုတိယ ပစ္စယာတွင် ရုပ်ပွားတော် ၅၄-ဆူ တတိယ ပစ္စယာတွင် ရုပ်ပွားတော် ၄၈-ဆူ၊ စုစုပေါင်းလျှင် ရုပ် ပွားတော် ၁၆၃-ဆူ ရှိသည်။

ပုထိုး စေတီများကား ရုပ်ပွားတော် တဆူလျှင် လိုဏ်မုခ် တခုကျစီနှင့် အကြားအကြား၌ ပုထိုးတဆူကျစီ ပေါက်ထားပြန် သဖြင့် ပုထိုးစေတီတော်ပေါင်း ၃၆၀၊ ရှိသောဟူ၏။

**စာဆိုတော် နဝဒေးကြီးဆို၊ ထူပါရုံ ဘုရားတိုင်ရတု။**

"စစ်ကိုင်းထောင်သင်း၊ မယွင်းမှန်စွာ၊ လကျာရှေ့ ဖျား၊ မင်းများသခင်၊ ကြည်လင်နက်လေး"နဝဒေး"ဟူ

ပေးတုံမည်သာ၊ မတ်ကြီးလာလျင်....” ဟူ၍ ဇင်းမယ် ပဏ္ဏာသကျမ်းတွက် - သုဓနုဇာတ်-ပေါဒိရတနာ-ချီ—မနော်ပျို့ နိဂုံးအရင်း။

“စစ်ကိုင်းထောင်သင်း၊ စလင်းလကျာ၊ ပြည်မှာ နဝဒေး’ ဆိုသည့် အရင်း၊ ဘွဲ့မည်ရည် ၃-မျိုးဖြင့် ထင်ရှား လှသော ပြည်မြို့ဇာတိ စာဆိုတော်ကြီး နဝဒေးသည် သမိုင်းဝင် တန်းခိုး ကြီး စေတီ့ပုထိုးများကို ဖွဲ့ဆို မှတ်တမ်းတင်ရာတွင် ဤ ထူပါရုံ ဘုရားတိုင် ရတုကိုလည်း ၉၁၃-ခုနှစ် စစ်ကိုင်း စည်သူကျော်ထင် မင်းလက်ထက်အခါက ရေးစပ်ခဲ့သည်။

နဝဒေးကြီး၏ ဘုရားတိုင် ရတုများမှာ ဘုရားတည်ရာဌာန တည်သူဒါယကာ, ဌာပနာ ပစ္စည်းနှင့် ဓါတ်မွေတော် စွယ်တော် ဘုရားဘွဲ့အမည်နှင့် ဘုရားအောင်မြင်ခြင်း အကြောင်းအရာများ ကိုပါ ဖွဲ့ဆို ထားတတ်ပေသည်။

စာဆိုတော်ကြီးမှာ စစ်မက်အင်္ဂါ ထူပြောသော ခေတ်တွင် အရှင်သခင် ဘုရင်မင်းများကလည်း စစ်ဝါသနာကြီးကြသည့် မင်းများဖြစ်၍ အမြဲရပ်တည် မနေရရှာပေ၊ တမြို့မှတမြို့ တနေ ရာမှ တနေရာသို့သာ တဝဲလည်လည် အတည်တကျ မနေရသော သူ့ဘဝ ဖြစ်ရပ်ဖြစ်သည်။

## မည်တော် ထူပါရုံတကား။

၁။ ဌာနမင်းနေ၊ ရစ်လျက်ခွေသား၊ ယဉ်တွေ့တကြောင်း၊ စကြိုချောင်းလည်း၊ ခနောင်းဝဲလည်၊ ဝှန်မောကြည်လျက် စည်ရှည်သက်တိုင်း၊ ဗျာဒိတ်ပိုင်းဖြင့်၊ အလှိုင်းဇမ္ဗူ၊ ယူအံ့ ဟူ၍၊ စည်သူရန်ခွင်း၊ စိုးနှိပ်နင်းသည်၊ ခြောက်စင်းကာ

ဆောင်၊ရွှေပြည်တောင်ဝယ်၊ တထောင်နေဝန်း၊ တူပြိုင်ထွန်းသို့၊ ကြွင့်နန်းလူ့ဖျား၊ သမိုက်ဆားကဲ၊ တလွှားမြေပေါ်၊ ပတ်လွှံ့ကျော်သည်၊ မည်တော်ထူပါရုံတကား။

၂။ ညာမြဲဆင်းရွှေ၊ ဖြစ်ခက်ပေသား၊ အခြေဝယ်သာ၊ နှစ်စုံမြွာနှင့်၊ ပမာမြလား၊ ရွက်ဖါးဖါးလျှင်၊ ကားကားမပွင့်၊ ရှုံးရှုံတင့်လျက်၊ အသင့်ကျစ်လျစ်၊ ညှာလည်း ရစ်သား၊ ပေါ်သစ်လဲ့လဲ့၊ အာနိကဲ့သို့၊ နိုင်းရှဲ့မမြော်၊ မလေးတော်ကို၊ကြင်ဘော်မယ်သို့၊ဆက်ချေပို့က၊အောင်မျို့ရည်ထင်၊ပူဇော်တင်၍၊သာရှင်ယှဉ်နွှဲ၊ တူမကွဲသည်၊ ပုလဲဖြူဝါငုံတကား။

၃။ မာဃနှင်းပေ၊ချစ်သက်ဝေ၌၊မကွေယှဉ်စုံ၊ ဆက်တိုင်းကြုံသား၊မြင့်သစ်တု၊ နတ်တို့ထုသို့၊ရောင်နှဲလဲ့လဲ့၊ မျိုးယှဉ်နွှဲကို၊ဆဲ့ခုနစ်မည်၊ဘုံ၌တည်လည်း၊ဆံခြည်မခြား၊တဝမ်းဘွားသို့၊သနားလေလေ၊စိတ်မသွေတည့်၊နေလည်းတူပင်ကြင်လည်းမရဲ၊နွှဲလည်းမကွာ၊ဝါသနာကြောင့်၊ ပါသည့်ဘုန်းအား၊ စိတ်မခြားသည်၊ နှစ်ပါးတူသာစုံတကား။

## မြေးတော်လုပ်ကြံခြင်း။

ဘုရင်နရပတိသည် သမီးတော် စစ်ကိုင်းမိဖုရား၏ သမီးတော်အကြီးနှင့် မြေးတော် သတိုးကျော်တို့ ချစ်ကြိုက်နေခြင်းကို နှစ်သက်တော်မမူသဖြင့် ၎င်းတို့နှစ်ဦးကို ချစ်ခြင်းခွဲရကား ဘိုးတော်နရပတိအား ရန်ညှိုးဖွဲ့လျက် အမျက်မပြေ ရှိလေသည်။

တနေ့သ၌ သတိုးကျော်မင်းသားသည် အခွင့်ကောင်း ရရှိရာ ကျွန်ရင်း သုံးရာကျော်တို့နှင့် တိုင်ပင်ပြီးလျှင် ခမည်းတော် အိမ်ရှေ့မင်း အိမ်တော်ကစ၍ ရွှေနန်းတော်ကြီးကို မီးတင်ရှို့ရာမှ နန်းတွင်းအရေးတော်ပုံ ဖြစ်၏၊ အိမ်ရှေ့စံ အိမ်တော်ကအစ၊ နန်းတော်အချို့ မီးလောင်ကျွမ်းရာ နန်းတော်တခုလုံးအုတ်အုတ်ကျက်ကျက်ဖြစ်လေသည်။

ဘိုးတော် နရပတိစံရာနန်းတော်အဆောင်သို့လည်း အတင်းဝင်ရောက်လျက် ဘိုးတော်ကိုလည်း ဒါးနှင့်ခုတ်သည်၊ မြေးတော်သတိုးကျော်၏ ဒါးဒဏ်ရာမှာ ဘိုးတော်နံစောင်းတွင် ဒါထိခြင်းခံရလေသည်၊ မိဖုရားကြီးလည်း ဘုရင်နရပတိလက်တော်ကို ဆွဲယူပြီးလျှင် ထိုနေ့ည လေးချက်တီးကျော်တွင် နန်းတွင်းက ထွက်ပြေးကြသည်။

ယင်းသို့ ထွက်ပြေးကြရာတွင် အဝမြို့ မြောက်ဘက် ရေဆိပ်သို့ရောက်ကြ၏၊ အခြံ အရံ ၅-ယောက် မျှသာ ပါခဲ့လေသည်၊ အဘိုးများစွာ ထိုက်သော လက်စွပ် တမုတ်ကြိုးနှင့် ခုနစ်သီကိုလည်း ယူဆောင် လာကြသည်၊ ထိုအခါ နန်းတွင်းနှင့် အဝ နေပြည်တော်တွင် သောသောရုတ်ရုတ် ရှိနေကြသောဟူ၏။

နန်းတော်ကြီးလည်း မီးလောင်နေ၍ နန်းတွင်း တခုလုံးဆူညံလျက်ရှိရာ ရာဇသင်္ကြံ အမတ် နှင့် ၎င်း၏သား ပေါက်လှဆိုသော သူရဲကောင်းမှာ လှော်ကားလက်ပြည့်နှင့် ကူး၍လာလေ၏၊ မိမိတို့ဘဝရှင်မင်းကို ရေဆိပ်တွင်တွေ့ရသောအခါအကြောင်းစုံ သိကြလေ၏၊ ရမ်းကား ရက်စက်သော မြေးတော် မင်းသား

သတိုးကျော်အား လက်ရဖမ်း၍ အရှင်လတ်လတ်သတ်ပြီး ဆက်သပါမည့်အကြောင်း လျှောက်တင်ရာ ဘုရင် နရပတိက "သည်အဝနေပြည်တော်တွင် မနေလိုတော့ပြီ၊ သားလတ်ရှိရာ ပြည်သို့ အရောက် ပို့ဆောင်ပေးရန်"သာ မိန့်တော်မူ၏၊ ရာဇသင်္ကြံ့တို့ သားအဘသည် အဝက ပြည်သို့ လှော်ကားလက်ပြည့် အစုံဖြင့် ၇၃၀-ခု၊ ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် ပို့ဆောင် ကြလေ၏။

သားတော်အကြီး အိမ်ရှေ့မင်းသည် ခမည်းတော် မယ်တော်တို့ကို အဝသို့ ပြန်လည်၍ မင်းပြုဆက်လက် အုပ်စိုးတော်မူရန်အတွက် ပြည်မှ အဝသို့ ရေအား,ကြည်းအားစုန်၍ ပင့်ဆောင်၏၊ သို့သော်လည်း ဘုရင်မင်းမြတ်က "ငါသည် အဝသို့ မပြန်လိုတော့ပြီ၊ မောင်အိမ်ရှေ့သာ မင်းကျင့် တရားနှင့် အညီ မင်းပြုလေ"ဟု မှာကြား မိန့်တော်မူ၏၊ သားတော် သုံးပါးကိုလည်း အဘိုးများစွာတန်သော လက်စွပ်ခုနစ်သီကို ခွဲဝေ၍ တခုစီပေးသနားသည်၊ အိမ်ရှေ့မင်းသည် ခမည်းတော်, မယ်တော်တို့ကို ပြန်လည်ပင့်ဆောင်၍ မရတော့ရကား၊ ရှိသေစွာ ဦးချ ကန်တော့ပြီးလျှင် အဝသို့ ပြန်လည်ဆန်လာလေသည်။

ထူပါရုံ စေတီတော် ဒါယကာ ဘုရင်မင်းကား ၇၇၄–ခု ဘွား၍ ၇၃၀–ခု၊ ဝါခေါင်လဆန်း ၅-ရက် တနင်္ဂနွေနေ့တွင် မြေးတော် လုပ်ကြံသော ဒါးဒဏ်ရာနှင့်ပင် အိမ်နိမ့်စံ – ၃၀၊ မင်းစည်းစိမ်–၂၆၊ သက်တော်–၅၆ အရွယ် နတ်ပြည် စံတော်မူရသည်၊ နံတော် ဗုဒ္ဓဟူးသားတည်း။

ဤမင်းသည် ဘုန်းလက်ရုံး ပညာ အမြော် အမြင် ကြီး၏၊ ရဲစွမ်းသတ္တိရှိ၏၊ ရတနာသုံးပါး၌ အလွန် ကြည်ညိုတော်မူ၏၊



ထူပါရုံဘုရားကြီး ပြုပြင်ရာ၌ ဒီပါမြေဆရာတော်ဘုရား၏ ပါရမီကို
ကူညီဖြည့်စွမ်းလျှက်ရှိသော
ရန်ကုန်ဆရာတော် ( ဦးဝိမလ ) ပုံတော်။

ပညာရှိတို့ကို ဆည်းကပ်၍ ချီးမြှောက်ပူဇော်ရာ၌ များစွာထက်သန်သည်၊ မင်းကျင့်တရား နှင့် ပြည့်စုံမှုမက တော်ဖြောင့်မှန်ကန်ခြင်းကိုလည်း လိုလား မြတ်နိုးတော်မူသည်။

၁၂၈-ခုနှစ်တွင် ဘုရင် နရပတိ၏ ဥယျာဉ်တော်၌ သရက်ပင်တပင် မင်းငါးဆက် တိုင်အောင် မသီး မပွင့်သည်ကို သီးပွင့်စေ....၊ မသီးမပွင့်လျှင် အပြစ်တော်တင်ခံရမည် ဟု အမိန့်တော်ပြန်လျှင် ထိုနှစ်အတွင်းမှာပင် မသီးမပွင့်ရှိနေသော သရက်ပင်များစွာ သီးပွင့်သောဟူ၏။

ထိုမှတပါး ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌာဝတီ စသော မြစ်ငယ်ရေများ ပြင်းစွာတက်လာသည်ကိုလည်း ရပ်လေတော့ ဟု အမိန့်တော်ပြန်လျှင် ရေသည် ရပ်စဲခဲ့သည်အထိ ဘုန်းအာဏာစက်စူးရှ ထက်မြက် လှပေကြောင်း ရာဇဝင်၌ ဖေါ်ပြထားသည်။

ဤအကြောင်းခြင်းရာများကို စာဆိုတော် ရှင်သူရဲသည် မြစ်တော် သခင်ထွေးအား ချောင်း လင်္ကာဖြင့် ဘုန်းသမ္ဘာတော်ကို ဖွဲ့ဆိုရာ၌....

"အံ့မူးစုံမက်၊မင်းငါးဆက်တွင်၊ ပင်ကက်အပွင့်၊နှုရင့်သီးမှည့်၊ နှစ်တိုင်းကြည့်လည်း၊ မြင်၏မထင်၊ သရက်ပင်နှင့်၊ ယဉ်ရှင်တွေ့တွေ့၊မြောက်သည်ရေကို၊ခပ်ထွေခြိမ်းမောင်း၊ မျက်ရှိန်စောင်းက၊ ညောင်းညောင်းကြောက်မူ၊ အကြင်လူသို့၊မဟူထပ်ကာ၊လိုတော်ပါ၏...." စသည့်တို့ ဖြစ်၏။

**သားတော်နှင့် မြေးတော်များလက်ထက် ထူပါရုံ စေတီတော်။**

သက္ကရာဇ် ၈၃၀-ပြည့် နှစ်တွင် နန်းတက်သော နရပတိ (ထူပါရုံဒါယကာ)မင်း၏သားတော် အိမ်ရှေ့စံ ပြည်စိုးမင်းသည် "မဟာသီဟသူရ" ဘွဲ့တော် ခံယူသည်၊ မိဖုရားမှာ စစ်ကိုင်းမြို့ ရတနာ စေတီကို ဆင်မျှားရုံလျက် အသစ်ထပ်မံ တည်သော "အမိတ္တာသီရိမဟာဓမ္မဒေဝီ" ဖြစ်၏၊ ခမည်းတော်၏ ကောင်းမှုတော် ထူပါရုံစေတီ အတွင်း၌ ရွှေကျောင်းတော် တဆောင် ဆောက်လုပ်လှူသည်၊ ရတနာစေတီ ဆင်မျှားရှင်ဘုရားအတွင်း နှင့် ဘွားတော်မူရာ စစ်ကိုင်းမြို့တွင်း၌ ရွှေကျောင်းတော်ဆောက် လှူသည်၊ ထိုမင်းမှာ သက်တော် ၅၄-နှစ်တွင် နတ်ပြည်စံလွန် သည်။

ထိုနောက် ၈၄၂-ခု နှစ်တွင် သားတော်အကြီး အိမ်ရှေ့ မင်းက ဆက်လက်နန်းတက်ပြီးလျှင် မဟာသီဟသူရဘွဲ့ကိုခံယူ၍ မိဖုရားမှာ အတုလသီရိဓမ္မဒေဝီဖြစ်၏၊ ယင်းမိဖုရား၏အကြောင်း ကား ထူပါရုံဒါယကာ နရပတိ သမီးတော် တွင်းသင်း မင်းသမီး ဖြစ်သည်၊ ပုခန်းမင်းသီဟပတေ့နှင့် စုံဖက်ရာတွင် မြင်သည့်သမီး တော်ကို ၁၀-နှစ် အရွယ်ကပင် ဘိုးတော် နရပတိက မြေးတော် နှစ်ပါးကို စုံဘက်ပေးသည်၊ မျှားမကြာမီ ယောက္ခမတော်ပုခန်း မိဖုရားလွန်သည် ပုခန်းမိဖုရား ဆင်ယင်ဝတ်စားသော တန်းဆာ များကို ထုခွဲရောင်းချ၍ ထိုဝတ္ထုနှင့် ထူပါရုံဘုရားအရှေ့မြောက် ယွန်းတွင်"ရတနာဗိမာန် ကျောင်းတော်ကြီး"ကို သားမက်တော် နော်ရထာအား တာဝန်ပေး၍ တည်ဆောက်ရာ ရတနာဗိမာန် ကျောင်းတော်ကြီး ပြီးစီးအောင်မြင်သောအခါ ဘုရင် နရပတိ

ရှိစဉ်ကဖြစ်၍ မင်းမိဖုရားနှစ်ပါး ကြွချီလျက် ရေစက်သွန်းချကာ "ရှင်မဟာတေဇဝန္တ"ထေရ်အား တင်လှူတော်မူသည်။

ထိုမင်းကား ဒုတိယမင်းခေါင် အမည်ခံယူသည့်မင်းဖြစ်၍ တံတားဦးအရပ်၌လည်း မင်္ဂလာစေတီတဆူတည်ခဲ့သည်၊ အိမ်နိမ့် ၃၃၊ စည်းစိမ် — ၂၁၊ သက်တော် ၅၄—ခုနှစ်တွင် နတ်ပြည် စံလွန်သည်။

ထို ဒုတိယမင်းခေါင်၏ သားတော်အငယ် မင်းဆွေသည် နောင်တော် မင်းပြိုင်ဘုရင် မိဖုရားကို ကိုယ်တော် မိဖုရား အရာ ထားလျက် ၈၆၃-ခုနှစ်တွင် "ရွှေနန်းကြော့ရှင်" အမည်ယူ၍ နန်းတက်တော် မူသည်၊ စစ်ကိုင်းမြို့တွင် မဟာ စေတီနှင့် ရွှေ ကျောင်းတော် ကိုလည်း တည်ဆောက် လှူသည်၊ သက်တော် ၅၀-အရွယ် နတ်ရွာစံလွန်သည်၊

"ဂငယ်သုံးခု-ဥသျှစ်ထု"ဟု အမှတ်ပြုရသော သက္ကရာဇ် ၈၈၈-ခုနှစ်တွင် ရှမ်းသိုဟံဘွား နန်းတက်၍ ၇၂၆-ခုနှစ် သတိုး မင်းဖျားမှ မင်း ၁၄-ဆက်မြောက် ရွှေနန်းကြော့ရှင် ဘုရင်လက် ထက် မြန်မာမင်းဆက်များ ပြတ်လေသည်။

ဤသို့လျှင် နရပတိ(ထူပါရုံဒါယကာ)၏ သားတော် မြေး တော်များ လက်ထက်တွင် ထူပါရုံနှင့် ရွှေကျောင်းတော်များကို နှစ်ပေါင်း ၅၈-နှစ်တိုင် အဆက်ဆက် ပြင်ဆင်ကြသည်။

## အင်းဝခေတ် မြန်မာစာပေ။

ထူပါရုံဒါယကာ မင်းတရား လက်ထက်က ရွှေနန်းကြော့ ရှင် မင်းလက်ထက်အထိ မြန်မာစာပေ စည်ပင်ပြန့်ပွားတိုးတက် လာကြောင်း သိရပေသည်။

ထို့ကြောင့်....ဝေါဟာရလီနတ္ထဒီပနီ၌လည်း....

"၁၀၄-ခုနှစ် နန်းတက်သော အဝဘုရင် နရပတိ လက်ထက်တော်ကပင် ပျို့ကဗျာ လင်္ကာရေးသားမှု အစပြုလာသည်...."ဟု ဖေါ်ပြထားသည်။

သို့ရာတွင် ပင်းယငါးစီးရှင် ကိုယ်တိုင် ကာချင်း များကို စီကုံး၍ ကိုယ်တိုင်ဆိုလျက် ကာကတော်မူလေ့ရှိကြောင်းအဆိုရှိသည်၊ ပင်းယခေတ် အမတ်ကြီး စတုရင်္ဂဗလသည်လည်း ကျမ်းတတ်ပုဂ္ဂိုလ်ကျော်ဖြစ်သည်၊ မာဂဓအဘိဓါန်ဋီကာကျမ်းကြီးကို ပြုစုခဲ့သည်၊ ပျို့ကဗျာများကိုလည်း စပ်ဆိုခဲ့သည်။

အင်းဝ ပထမ မင်းခေါင်ရေးသော ကျေးစေ ရတုများလည်း မြန်မာစာပေတွင် ကျန်ရစ်လျက်ရှိသည်၊ အမှန်ဆိုရလျှင် ပုဂံခေတ်ပါဠိနှင့် မြန်မာလင်္ကာ စကားပြေ အရေး အသား၏ အမွေအနှစ်များမှ ကူးစက်ပြန့်နှံ့လာသည်ဟု ဆိုနိုင်သည်။

ဒုတိယမင်းခေါင် လက်ထက်မှာကား မြန်မာစာပေ အထူးတိုးတက်လာသည်၊ဒုတိယမင်းခေါင် ကိုယ်တိုင်ကလည်းရေးသားဆိုမှုတွင်မက မြန်မာ့အနုပညာ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ စသော အတတ်ပညာများကိုလည်း တတ်စွမ်းတော်မူလှသည်။

## ရှင်မဟာ သီလဝံသ။

ဒုတိယ မင်းခေါင် လက်ထက် ၇၅၇-ခုနှစ် တောင်တွင်း အရပ်မှ ကြွရောက် လာသော ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်အား ထူပါရုံဘုရား အရှေ့မြောက်ယွန်း အရပ်တွင်ရှိသော ရတနာဗိမာန် ကျောင်းတော်ကြီးကို တင်လှူလျက် ပရိယတ် စာပေတို့ကို ပို့ချစေသည်၊ "သီလဝံသ မဟာဓမ္မရာဇာဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ဒုတိယမင်းခေါင်ကိုယ်တိုင် ဆက်ကပ်၍ ချီးမြှင့်ကိုးကွယ်တော်မူသည်။

ရှင်မဟာ သီလဝံသ ပုဂ္ဂိုလ် ကျော်သည် ရတနာ ဗိမာန် ကျောင်းတော်တွင် သီတင်းသုံးတော်မူကြသော ဆရာတော်များ အနက် အစဉ်အဆက်အားဖြင့် ရှစ်ဆက်မြောက်သီတင်းသုံးတော် မူခဲ့ကြောင်းကိုလည်း....

"စစ်ကိုင်းကြီးတောင်၊မော်ကျောက်ဆောင်မှ၊ရန်အောင် မြင်နောက်၊ သရဘံမြောက်လျှင်၊ မောက်မောက်စုပုံ၊ ထူပါရုံဝယ်၊ လက်ဝဲဆွယ်က၊ အောင်ရွယ်ချီးသောင်း၊ မျိုးကောင်းကျောင်း၌၊ နောက်နှောင်းသာသနာ၊ စေ ကာတိုင်အောင်၊တည်စိမ့်ထောင်သား၊ ကျောက်ဆောင် လက်ာ၊သံပိုင်းစာကို၊မဟာသီလဝံသ ထေရ်ကုန်လျှင်၊ မဆွရှေးဆို၊ ကျောင်းရိပ်ခိုသား၊ ပုဂ္ဂိုလ်တို့နောက်၊ ရှစ် ဆက်မြောက်၌၊ပွဲမှောက်နာတန်၊မှတ်စိမ့်ရန်လျက်၊ကျမ်း ဂန်အရိုး၊ မော်ကွန်းထိုးသည်၊ ပြည့်ဖြိုး နိဒါန်း အပြီး တည်း...." ဟူသော ရတနာဗိမာန် ကျောင်းတော်ဖွဲ့ ကျောက်စာသံပိုင်း၌ ဖေါ်ပြထားသည်။

တောင်တွင်းပုဂ္ဂိုလ်ကျော် ဆရာတော် ရှင်မဟာသီလဝံသ သည် စာပေကျမ်းဂန် ပိဋကတ တော်များကို လိမ္မာ တတ်ကျွမ်း တော်မူလှသည်နှင့်အညီ— အဝနေပြည်တော်နှင့် ဝန်းကျင်အရပ် များမှ ရဟန်းသာမဏေ ဥာဏ်ရည် ဥာဏ်စွမ်းနှင့်ပြည်စုံကြသော စာသင်သား ပုဂ္ဂိုလ်တို့ အသီးသီး ရတနာဗိမာန် ကျောင်းတော် ကြီး ဝန်းရံလျက် စာသင်ကျောင်း ကိုယ်စီနှင့် စာဝါခံ၍ စာကို သင်ကြားလာကြ၏။

စာသင်ကျောင်းရံမျာနှင့် ထူပါရုံကျောင်းတိုက်ကြီး ဖြစ်နေပြီးလျှင် နေပြည်တော်ဆရာ ရှင်မဟာရဋ္ဌသာရနှင့် ဂုဏ်ရည်တူ သာသနာတော်ပြု အကျော်အစောဖြစ်လေသည်၊ ရှင်မဟာသီလဝံသသည် ထူပါရုံ ဘုရားအနီး ရတနာဗိမာန် ကျောင်းတော်ကြီးတွင် သီတင်းသုံးလျက် ထူပါရုံဘုရားကို တံမြက်လှည်းခြင်းစသော စေတီယင်္ဂဏဝတ် နိစ္စပဒ် မပြတ် ပြုစုလျက် စာသင်သားတို့အားလည်း စာပေပို့ချ နေတော်မူခဲ့ကြောင်းကို....

"ရတနာမွေ့ လျော်၊ ဓါတ်တော်စုပုံ၊ထူပါရုံဝယ်၊ စည်းခုံလုံးညီ၊မဟေသီဠ်၊ စေတီယင်္ဂဏဝတ်၊နိစ္စဗဒ်လျှင်၊ မပြတ်တံမြက်၊ရှိဝတ်တက်၍ မပျက်စေရ၊မျိုးသိဿအား၊ သင်ကြားကျမ်းဂန်၊ ဓိပ္ပါယ်ပြန်မှု၊ ဂန္ထဓုရ၊ ရောက်သမျှကို၊ သမထဝိပဿနာ၊စီးဖြန်းပါ၏၊နောင်လာတို့အား၊တပည့်သားကို၊ မှတ်သားဆောင်ကြဉ်း၊ ဂုဏ်ကိုမျဉ်း၍၊ စိုးစဉ်းကျမ်းဂန်၊တတ်သောဟန်သို့၊မာန်လည်းတင်းတင်း၊ စိတ်ဟင်းလင်းနှင့်၊ အတွင်းတရား၊ ပြင်မှာထား၏...."။

စသည့် မော်ကွန်းစာတမ်းအရ ထင်ရှားလှပေသည်။

ရှင်မဟာသီလဝံသသည် ဂ၁၅-ခုဘွား၊ တောင်တွင်းကြီးဇာတိ ဖြစ်၍ ရှင်မဟာသီလဝံသနှင့် တခေတ်တည်း ရှင်လေးပါး ပေါ်ထွန်းခဲ့သည်။

ရှင်လေးပါးပေါ်ထွန်းလာမည့်အခါ တောင်တွင်းကြီး မြို့နယ်တွင် ပေတောငါးရွာမှ ပုဗ္ဗ နိမိတ်ထူးများ ဖြစ်လာသည်၊ ရှေးဦးစွာ ပေနှစ်လက်ပေါ်သည်၊ နောက်ႇသုံးလက်၊ နောက်ႇငှက်ပြောဖူးသဏ္ဍာန်ကဲ့သို့ ပေဖူးကြီးထွက်ပေါ်လာသည်၊ ထိုအခါ ရှင်မဟာသီလဝံသ, ရှင်ဥတ္တမကျော်, ရှင်အုန်းညို နှင့် ရှင်

ခေမာတို့ ထွက်ပေါ်ခဲ့သည်၊ "ပေလည်းလေးပင်-ရှင်လည်းလေး ပါး"ဟူ၍ ဆိုစမှတ် ပြုကြသည်၊ ဆရာတော် တောင်တွင်းကျော် ခင်းကြီးပျော် ပေါ်သည့် အခါ၌လည်း ပေတပင်တည်းပေါက်၍ လာသဖြင့် "ပေတပင်—ရှင်တပါး"ဟူ၍ ဥဒါန်းအစဉ် ဖြစ်လာ ရပေသည်။

ရှင်မဟာ သီလဝံသသည် သက်တော်-၄၀၊ သိက္ခာ-၂၀၊ အရတွင် ၇၅၅-ခုနှစ် အဝနေပြည်တော်သို့ရောက်လာပြီး ဒုတိ ယမင်းခေါင် တင်လှူသော စစ်ကိုင်း ရတနာဗိမာန် ကျောင်း တော်ကြီးမှာပင် ပံ့လွန်တော်မူသည်၊ နှစ်ပေါင်း ၂၅-နှစ် ကာ လပတ်လုံး သီတင်းသုံးတော်မူ၍ ဆရာတော်၏ အရိုးစေတီတည်ဆူ မှာ ရတနာစေတီ ဆင်များရှင်ဘုရား အရှေ့တောင် အရပ်၌ ယခုတိုင်ရှိသည်၊ "ရတနာမဏိ" မော်ကွန်း တိုင်လည်း ရှင်မဟာ သီလဝံသ၏ အရိုးစေတီတွင် မှတ်တိုင်အဖြစ်ရေးထိုးထားသည်။

ရှင်မဟာသီလဝံသ ပျံလွန်တော် မူပြီးသည့်နောက်၊ဆက် လက်၍ ရတနာဗိမာန် ကျောင်းတော်၌ အမွေ ဆက်ခံသော ရှင်ဣန္ဒဂုတ္တ မထေရ်သည်လည်း ထိုကျောင်းမှာပင် သီတင်းသုံး ရင်း သက္ကတဘာသာပြန် "နဝရတ်ပျို့" တစောင်ကို ၈၁၀-ခု နှစ်မှာ စပ်ဆိုရေးသားခဲ့ကြောင်း အမှတ်အသား တွေ့ရှိရသည်။

## ရှင်မဟာရဋ္ဌသာရ။

ထိုခေတ်က ရှင်မဟာသီလဝံသ နှင့် ခေတ်ပြိုင်စာဆို ပုဂ္ဂိုလ် ကျော် တပါးမှာလည်း အဝနေပြည်တော် ဆရာ ရှင်မဟာရဋ္ဌ သာရ ဖြစ်သည်။


"သီရိခေတ္တ၊ ပုဂံစသည်၊ ပြည်မတန်ဆောင်၊ ငါးကြိမ် နောင်ဝယ်၊ တောင်ကားပင်းယ၊ မြောက်မှ စစ်ကိုင်း၊

ရုံဆိုင်းသာလှ၊ ရွှေအင်းဝဦ၊ နန်းကမြင်ထင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ တည်ထားသာသနာ၊ သချာအမှန်၊ နှစ်ထောင်လွန်၍၊အစွန်မြတ်မှူ၊ဆယ့်နှစ်ခုဝယ်၊ဥတုစဿမိုးလရှေးဖျား၊ နေသွားကရကဋ်၊ ခေါ်မှတ်ဝေါဟာ၊ အာသဠ္ဌာဦ၊ ပညာပွားဘို့၊ကုသိုလ်ဖို့သား၊ ငါတို့ဖွားရာ၊ ချက်မြှုပ်ရွာသည်၊အောင်ချာပြည်ကြီးနားခွောင်းတည့်၊

ဆိုသော စတုဓမ္မသာရ ကိုးခန်းပျို့ နိဂုံးပိုဒ်ရေ (၂)နှင့် အညီ–နန်းတော်နှင့်မနီးမဝေး အဝမြို့လယ်တွင် သာသနာနှစ် ၂၀၁၂ ခု၊ ကောဇာ ၈၃၀-ပြည့်၊ ဝါဆိုလဘွားဖြစ်သည်၊ မျိုးရိုးအနွယ်တို့မှာ တလိုင်းပြည်ဝိသုဒ္ဓိရာဇဒေဝီ ဘွဲ့ခံဘုရင်မ ရှင်စောပု၏ တူတော် ပုသိမ်မြို့စား ဗျညားအိမ်၏ မြေးတော်သည် ရှင်မဟာရဋ္ဌသာရ၏ခမည်းတော်ဖြစ်သည်မယ်တော်မှာအဝမြို့တည်နန်းတည် သတိုးမင်းဖျား၏ မိဖုရား မင်းမောည်ိုတွင်မြင်သော သမီးတော်စောနန်း၏ မြစ်ဖြစ်သည်။

ထိုကြောင့်လည်း....

"တလိုင်းပြည်လုံး၊ ယူကျုံးပိုင်ချုပ်၊ သိမ်းအုပ်သာငြိမ်၊ စည်းစိမ်ထူပြော၊ နတ်နှင့် လျောသည်၊ ရှင်စောပုတူ၊ လိုက်ဆူကျော်ရှိန်၊ပုသိမ်မင်းမြေး၊ ဆက်ရှေးစဉ်ရိုး၊ တို့မိမျိုးကား၊ သတိုးမင်းဖျား၊ တရားစောင့်သုံး၊ ရန်လုံးထွင်ခြွ၊ ဇွှေမြေအဝ၊ တည်စနန်းထီး၊ ပြည်ထောင်ကြီး၏-သမီးမြစ်ရင်း၊ နွယ်မယွင်းသည်၊ စည်ကွင်းမတိမ်လှည့်ကောင်းတည်း...." ဟူ၍ ကိုးခန်းနိဂုံး၌ စပ်ဆို ထားခဲ့ပေသည်။



ပြုပြင်ဆဲဖြစ်သော ထူပါရုံဘုရားကြီး၏ ပုံတော်။

ရှင်မဟာရဋ္ဌသာရမှာ နန်းတွင်းမှာပင် ကြီးပြင်းလာရ၍ စာပေအဖွဲ့အနွဲ့ ယဉ်ကျေးလှပေသည်။ ထီးသံ့ နန်းသံ့ ကြွင်းနန်း ဆန်ချင်တိုင်း ဆန်နေသည်။ သီဟိုဠ်ရောက် ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ စစ်ကိုင်းတွင် သီတင်းသုံးလျက်ရှိသော နောင်တော်ရင်း ရှင်ဝရစက္ကပါလ ထေရ်ထံမှ အခြေခံ ပညာများ ရရှိသည်။

ရှင်မဟာရဋ္ဌသာရ ပထမဆုံး စာသင်သားအဖြစ်နှင့် နေခဲ့သော ကျောင်းတိုက်မှာ စစ်ကိုင်းရတနာစေတီ ဆင်များရှင်ဘုရားတောင်ဘက်ရှိ "လက်ာရာမ-မဟာဝိဟာရ" ခေါ်သော ဥမင်ရွှေကျောင်းတော်ကြီးဖြစ်သည်။

ဒုတိယအကြိမ် နေရာမှာ ရှင်ပင်နန်းဦး၊ သို့မဟုတ် "လမ်းဦးမုဋ္ဌော" ဘုရားမြောက်ဘက် (ယခု ရွှေစေတီ သာသနရိပ်သာ) တွင် သီတင်းသုံးခဲ့သည်။ တတိယ အကြိမ် ဥမင် ၃၀-ဘုရားတောင်ဘက် ဥမင်ကျောင်း ခေါ်သော စစ်ကိုင်းချောက်ကြီး နေရာ၌ သီတင်းသုံးလျက် သီဟိုဠ်ရောက်ကြီးဆရာတော်နှင့်အတူ လှည့်လည်၍ ပညာသင်ခဲ့ဘူးကြောင်းတို့ကို—

"မှတ်သားသင်ရေး၊ မေးမေးကြုံကြုံ၊ အံအံကျက်လေ့၊ တနေ့သုံးခါ၊ကိုင်သည့်စာနှင့်၊မေတ္တာနှစ်ထွေ၊ချောက်ထဲနေ၍၊ စာပေသင်ရ တတ်ဘိမူ...." ဟူ၍ငှင်း။

"တရားရှုမြဲ၊ မြိုင်တောသဲဝယ်၊ အမြဲမသွေ၊ ကမ္ဘလေနှင့်၊ စာပေသင်လျက်...." ဟူ၍ငှင်း။

"မြိုင်ချောက်ကြီးဝယ်၊ သင်းသီးပယ်ခွာ၊ ပရိဝါနှင့်၊ ရွာလည်းမနွှာ၊ တောလည်းမထင်၊ လွင်လည်းမမည်၊ စာပွဲစည်သည်၊ နေတည်ဖြစ်အောင်၊ ရပ်သီးထောင်၍၊ မြောက်တောင် ရှေ့နောက်၊ ရောက်လတ်ကုန်ကြ၊ မျိုးသိဿအား၊ ဝမ်းထွက်သားသို၊ စီးပွားရှာရှာ၊ ခဲယဉ်းစွာသား၊ ပညာအမြိုက်၊ ဘဏ္ဍာတိုက်မှ၊ သိုက်သိုက် ဖွင့်လှစ်၊ သာရနှစ်ကို၊ သစ်သစ်ငှဝေ၊ ဖြန့်ဖြူးပေသည်၊ သင်စေလိုရာ မရွေးတည်း...." ဟူ၍ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ပေသည်။

ရှင်မဟာရဋ္ဌသာရ နောက်ဆုံးအကြိမ် သီတင်းသုံးတော်မူခဲ့သည့် ကျောင်းမှာ ဧရာဝတီမြစ်ကမ်းနဖူး ကြည်နူး သာယာဖွယ်ရာ တော-တောင်ရှုခင်းများ ဝန်းရံလျက်နေသော ဇေတဝန်ဘုရားတည်ရှိရာ ဝတ်ရုံတောင်ဝှမ်းတွင် အဝ ရွှေနန်းကြော့ရှင်ဘုရင်နရပတိ ဆောက်လုပ်သော သက်ကယ်မိုး ဝါးကျောင်း (ဝတ်ရုံတော်ကျောင်း)ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရမှာ သိက္ခာတော် ဝါနှစ်ဆယ် ရှိနေချိန်ဟု ဆိုရပေမည်။ ဝတ်ရုံတောင်ပေါ်မှ လှမ်းမြင်ရသော ဧရာဝတီမြစ်ကြီးကို ခွဲရစ်ပြီးလျှင် တောင်အထပ်ထပ် ဝန်းရံထားသော စစ်ကိုင်းတောင်၏ ရှုခင်းနှင့် သက်ကယ်မိုး ဝါးကျောင်းကို ဖွဲ့ဆိုထားခဲ့သော "ဝတ်ရုံကျောင်းဖွဲ့" မော်ကွန်း တစောင်လည်း ရှိလေသည်။

ရွှေနန်းကြော့ရှင် ဘုရင်နရပတိ ဆောက်လုပ်တင်လှူသော ဝတ်ရုံတော်ကျောင်းမှာ သာမန်ကျောင်းမျှဖြစ်၍ ဂုဏ်ကျေးဇူး အကျော်အစောနှင့် မလိုက်လျှောသည့် အကြောင်းကိုလည်း—

"နရပတိရာဇာ၊ သဒ္ဓါ ပြတ်ပြတ်၊ ကြည်ဆွတ်သောအား၊ သိကြား နှံ့ကျယ်၊ နိကာယ် ငါးဦး၊ ပင်လယ်ကူးသို့၊ ကျေးဇူးနှင့်သော်၊ မလိုက်လျော်တည့်....''ဆိုသည့်စာပိုဒ် အရ ထင်ရှားလှပေသည်။

သို့ရာတွင် ရှင်မဟာရဋ္ဌသာရသည်—

"အောက်မေ့ကြံထွေ၊ တရားဖြေလျက်၊ စာပေသင်ခြင်း၊ လျှုသီတင်းနှင့်၊ မကင်း ဘာဝနာ၊ ဆည်းပူးရှာသား၊ မဟာရဋ္ဌ၊ သာရတွင်မည်၊ ပုဂ္ဂိုလ်သည်လျှင်၊ အရှည် လင့်လင့်၊ အသင့်မျှော်မျှော်၊ နေသရော်တည့်....''

ဆိုသောအတိုင်း စာပေသင်ကြားတရားအားထုတ်လျက်သာ ဖြေဖျော်၍နေရကြောင်းကို ဖော်ပြထားသည်။ ရှင်မဟာရဋ္ဌ သာရသည် ၈၉၂-ခုနှစ်၊သက်တော်(၆၂)နှစ်တွင် ပျံလွန်သည်၊ သက်တော်ထင်ရှားရှိစဉ်က သမိုင်းဝင် စေတီတဆူတည်ခဲ့သည်။ ထိုစေတီမှာ ထူပါရုံအနီး လက်ဝဲဘက်ကွင်း ရှိ၍ "ရှင်မဟာရဋ္ဌ သာရစေတီ''ဟုဘွဲ့တော်သမုတ်သည် ၁၂၈၄-ခုမှစ၍ စစ်ကိုင်းမြို့ မြို့မ ရဲဌာနမှ ကြပ်မတ်ပြုပြင်ထားသည်ကို ယခုအခါ တွေ့မြင် နိုင်ကြပေသည်။

## ပုဂ္ဂိုလ်နှစ်ပါး၏ စာရည်သွေး။

ရှင်မဟာသီလဝံသနှင့် ရှင်ရဋ္ဌသာရ တို့၏ စာမူများကို မင်းတုန်းမင်းလက်ထက် ပညာရှင်များ ဝေဘန်ထားခဲ့သည်မှာ ရှင်မဟာသီလဝံသ၏ စာမူသည် ပိဋက ပါဠိတော် စာပေနှင့် တူကြောင်း ရှင်မဟာရဋ္ဌသာရ၏ စာများသည် အဋ္ဌကထာဖွင့် စာပေနှင့်တူကြောင်း အဆိုရှိသည်။ ရှင်မဟာရဋ္ဌသာရ၏ စာသည် ထန်းသမား ရင်ဘတ်နှင့်တူ၍ လောကကြောင်းနှင့် ပူးတုံခွါတုံရှိသည်။ ရှင်မဟာသီလဝံသ၏ စာသည် လိပ်ရင်ဘတ်နှင့် တူ၍ ဓမ္မကြောင်းနှင့် မခွာ ဟူ၍လည်း ဆိုစမှတ်ပြုကြသည်။ ရှင်မဟာသီလဝံသ၏ စာမှာ စည်သံနှင့်တူ၍၊ ရှင်မဟာရဋ္ဌသာရ၏ စာမှာ တူရိယာငါးပါးကို တပြိုင်နက် တီးမှုတ်သံနှင့် တူကြောင်းများကိုလည်း ဝေဘန်အကဲဖြတ်ခဲ့ကြပေသည်။

## ငလျင်ဒဏ်ကြောင့် ပြိုကျသော ထူပါရုံကို အဝ ဘုရင်မင်းရဲကျော်စွာ ပြုပြင်ခြင်း။

အဝ ဘုရင် နရပတိ မင်းတရားသည် ၁၀၆၄-ခုနှစ်က စ၍ ထူပါရုံကိုတည်ခဲ့ရာ ၁၀-နှစ်အကြာ၊ ၁၁၆၄-ခုနှစ် ရွှေထီးအထွတ် တင်သည်အထိ ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံတဝှမ်းလုံး မင်းပြောင်း မင်းလွှဲခေတ်နှင့် ရင်ဆိုင်ကြုံတွေ့ နေရလေသည်။ အဝ နေပြည်တော်တွင် သတိုးမင်းဖျားကစ၍ ရွှေနန်းကြော့ရှင် ဘုရင်နရပတိလက်ထက်တိုင် မြန်မာမင်းများ ဆက်လက် စိုးစံခဲ့ကြရာ၊ ၁၁၁၀-ခုနှစ်၌ ရှမ်း သိုဟန်ဘွားက တိုက်ယူစိုးစံပြန်သည်။ ၁၉၂-ခုနှစ်တွင် ကောင်ငူဘုရင်မင်းတရားရွှေထီးသည် တောင်ငူတွင် နန်းတက်၍ မြန်မာနိုင်ငံအဝှမ်းနှင့် အခြား တိုင်းနိုင်ငံ ပြည်နယ်များကိုပါ သိမ်းပိုက်လျက် မြန်မာနိုင်ငံတော်ကြီးကို ကျယ်ပြန့်စွာ ပြန်လည် ထူထောင်ခဲ့လေသည်။ ထိုနောက် ဘုရင့်နောင် ခေါ်သော ဟံသာဝတီဆင်ဖြူရှင်မင်းသည် တပင်ရွှေထီး၏ အရိုက်အရာနှင့်တကွ အစုစု ကွဲပြား ခြားနားသော ပြည်နယ်များကို ပြန်လည်သိမ်းပိုက်လျက် ဟံသာဝတီ နေပြည်တော်တွင် ထီးနန်းစိုးစံပြန်သည်။

ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားနှင့် သားတော် နန္ဒဘုရင်မင်းလက်ထက်အခါက အဝ နေပြည်တော်သည် ဟံသာဝတီ လက်အောက်ခံ မြို့တမြို့မျှဖြစ်ခဲ့ရပေသည်။ ဘုရင်ခံမျှသာ စိုးစံရာ အဝမြို့တွင် ဟံသာဝတီ ဆင်ဖြူများရှင်နှင့် သားတော် ငါးဆူဒါယကာ နန္ဒဘုရင်တို့လက်ထက်၌ သတိုးမင်းစော တပင်ရွှေထီး သားတော် မင်းလကျ်ာနှင့် နန္ဒဘုရင်သားတော် မင်းရဲ

ကျော်စွာတို့ မြို့စား,နယ်စား ဘုရင်ခံအဖြစ် အုပ်ချုပ် စိုးစံကြသည်။ အင်းဝဘုရင်ခံ ခေတ်ဟုဆိုရမည့် အချိန်မှာ၊ ၉၁၆-မှ ၉၅၉-ခုအထိ (၄၃) နှစ်အတွင်း ဘုရင်ခံ သုံးဦး ဆက်လက် အုပ်ချုပ်နေချိန်ဖြစ်ပေသည်။

ဘုရင်ခံအဖြစ် အဝတွင် စိုးစံသော နန္ဒဘုရင် သားတော် မင်းရဲကျော်စွာ လက်ထက်၌ စစ်ကိုင်း ထူပါရုံ ဘုရားသည် သက္ကရာဇ် ၉၅၂-ခုနှစ်တွင် လျှောင်ကြီးစွာလှုပ်သဖြင့် မြေသို့ ခ,ကာ ပြိုကျပျက်စီးလေသည်။ ထိုနှစ်က အဝတွင် စိုးစံနေသော မင်းရဲကျော်စွာသည် ထူပါရုံကို အသစ်တဖန် ပြန်လည် ပြင်ဆင် တည်ထားကြောင်း ရာဇဝင်၌ ဖေါ်ပြထားသည်။

## သာလွန်မင်းလက်ထက် ထူပါရုံ လျှောင်ဒဏ်ကြောင့် ပြိုကျပြန်ခြင်း။

သာလွန်မင်းကား မင်းကောင်း မင်းမြတ်တပါး ဖြစ်၏။ ဘိုးတော် ဆင်ဖြူများရှင် ခမည်းတော် ညောင်ရမ်းမင်းနှင့် နောင်တော် အနောက်ဘက်လွန်မင်းတို့၏ အရိုက်အရာ ထီးနန်း စည်းစိမ်ကို ဟံသာဝတီမှ အင်းဝသို့ ၉၉၆-ခုနှစ်က ရွှေ့ပြောင်း၍ စံတော်မူသည်။ ဤမင်းလက်ထက် တိုင်းကားပြည်ရွာ သာလွန်၍ တိုးတက်စည်ကားလာခြင်းကြောင့် သာလွန်မင်းတရားဟု တွင်သည်။ ညောင်ရမ်းမင်းဆက်မှစ၍ ၃-ဆက်မြောက်,ဒုတိယ အင်းဝခေတ်ကို ဆက်လက်တည်ထောင် စိုးစံသည်။ ၉၉၇-ခု နှစ်တွင် စစ်ကိုင်း ရာဇမဏိစူဠာ ကြောင်းမှုတော်ကြီးကို တည် ထား ပူဇော်သည့်မင်း ဖြစ်သည်။

ထိုမင်းလက်ထက် ၉၉၉-ခုနှစ်တွင် မြေငလျင်ကြီးစွာလှုပ်ခဲ့ရာ၊ ထူပါရုံစေတီမှာ ငလျင်ဒဏ်ကြောင့် တဖန် ပြိုကျပျက်စီးလေသည်။ ထိုနှစ်မှာပင် ကောင်းမှုတော် ဒါယကာ သာလွန်မင်းက ထပ်မံ၍ အသစ်ပြုပြင်ပြီးလျှင် ၁၀၁၀-ခုနှစ် တန်ခူးလဆန်း ၂-ရက်နေ့တွင် ထံတားဦး မင်္ဂလာစေတီ ရွှေကြက်ယက်စေတီများ နှင့် အတူ ထီးတော် တင်လှူခဲ့ကြောင်းကိုလည်း ရာဇဝင်၌ ဖေါ်ပြပါရှိသည်။ ထူပါရုံကို ရွှေအတိ မွမ်းမံ လှူခဲ့သည်ဟု အဆိုရှိသည်။

## ဘိုးတော်လက်ထက် ထူပါရုံ။

ဘိုးတော် ဦးဝိုင်းဟု တွင်ခဲ့သော ဗဒုံ (အလုံ) မင်းသည် အလောင်းမင်းတရားကြီး၏ စတုတ္ထမြောက် သားတော်ဖြစ်၍ ဆင်ဖြူရှင်မင်း သားတော် စဉ့်ကူးမင်းနှင့် နောင်တော်ကြီးမင်း သားတော် ဖေါင်ကားစား မောင်မောင် တို့ကို လုပ်ကြံ၍ သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် နန်းတက်သည်။ ၁၁၄၄-ခုနှစ်တွင် မြစ်ငယ်မြောက်ဘက် အမရပူရမြို့တော်ကိုစတည်၍ ၁၁၄၅ခုနှစ် အင်းဝမြို့မှ အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့ စိုးစံသည်။ အမရပူရမြို့တော်တည်ခြင်းမှာ ကိန်းခန်း သိုက်ခေါတ်အရ တည်ထောင်ကြောင်း အဆိုရှိသည်။

အမရပူရမြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်းလက်ထက်တွင် ထူပါရုံ ပျက်စီးနေပြန်သည်ကို အသစ်တဖန် ပြုပြင်၍ ရွှေထီး အထွတ်တင်လှူခဲ့ကြောင်း ရာဇဝင်တို့၌ ပြဆိုလေသည်။

ဘိုးတော်ဘုရားသည် မင်းသားကြီး အိမ်နိမ့်စံဘ၀ စစ်ကိုင်း အိမ်တော်ရာတွင်လည်း အောင်မြေလောက ကျောက်စေတီတည်ဆောက် တည်ခဲ့သည်။ ဘိုးတော်နောက် ဆက်ခံစိုးစံသော ဘကြီးတော်နှင့် သာယာဝတီမင်း တို့၏ ဘိုးတော် ဖြစ်သောကြောင့် ဘိုးတော်ဟု တွင်ခဲ့ခြင်းဖြစ်သည်။

## ဤ ထူပါရုံစေတီကို ပုဂံမင်း နောက်ဆုံး ပြုပြင်ခဲ့ခြင်း။

ကုန်းဘောင်မင်း ရွှေဘိုမင်းဟု တွင်သော သာယာဝတီ မင်း၏ သားတော် ပုဂံမင်းသည် ၁၂၀၈-ခုနှစ်တွင်၊ အမရပူရ နေပြည်တော် စတုတ္ထအကြိမ် နန်းတက်သည်။ ခမည်းတော် သာယာဝတီမင်းလက်ထက် ၁၂၀၀-ပြည့်၊နှောင်းတံခူးလဆန်း (၈)ရက်နေ့ ညတွင် မြေငလျင် ပဲ့တင်သံနှင့် ကြီးစွာလှုပ်လေ သည်။ အကြိမ်ပေါင်း များစွာလည်း လှုပ်သည်။ ယင်းသို့ ပြင်းပြစွာ အကြိမ်များစွာလျှင်လှုပ်သဖြင့် အမရပူရမြို့တော်နှင့် စစ်ကိုင်း, အင်းဝမြို့ရှိ ဘုရား ပုထိုး စေတီတော်များ အပြိုကြီး ပြို၍, အပျက်ကြီး ပျက်စီးခဲ့သည်။

ထိုအချိန်က မျက်မြင်ကြုံတွေ့နေသော စဥ့်ပါဆရာတော် သည်—"ရောင်မြူးနိတုံ၊ ထူပါရုံလည်း၊ မြေပုံအသွင်"ဟူ၍စပ်ဆို မှတ်တမ်းပြုလေသည်။ ဤထူပါရုံဘုရားလည်း မြေသို့ ပြားပြား ညွတ်မျှရှိလေသည်။ သာယာဝတီ မင်းသည် နောင်တော် မင်းတရား၏ သားတော် ညောင်ရမ်းစား "စကြာမင်းကလေး" မသင့်သောအကြံကို ကြံစည်သည်ဆိုပြီးလျှင် ရေချ, ကွပ်မျက် သုပ်သင်သည့် ထိုနှစ်မှာပင် မြေငလျင် ကြီးစွာ လှုပ်ခဲ့သဖြင့်

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် "စကြာမင်းကလေး ရေချပုံနှင့် ထူပါရုံ "စသော ဘုရားတိုင် မဟာလေးချိုးကြီး မှတ်တမ်းအဖြစ် ရေးစပ်ခဲ့သည်ကို ဖေါ်ပြလိုပေသည်။

## ထူပါရုံစသော ဘုရားတိုင် လေးချိုးကြီး။

" (အို—ဒကာမကြီးရဲ့) ယင်းအမေးထွက်သဟာ ဖြေဘို့တရားမှာတော့၊ မင်းကလေး"စကြာ"ရေသို့လားစဉ်က၊ စနေဂြိုဟ်နဂါး မသေဘို့တားပြန်သတဲ့၊ ကံဆန်းသကိုနော် (အိုကွယ်) ပြေ (ပြည်) ဗဟို့ဘုရား, ရွှေဘိုအပါးတွင်ဖြင့်၊ (အော်) ကျုပ်တို့အမေရို့ အဖွားမှာတော့ မှုန်နန်းအပျိုတော်....၊

## (ဝါ) တနည်းကား။

(၁) အသင်းအပင်းအရေး ခက်သဟာ ဖြေဘို့အသွားဟာက အော်--အရင်းတွေးလိုက်တော့ အချင်းချင်းသားတွေနှင့် အတွင်းရေးကလဲ တဖက်ပေထင့်နှော်၊ "မင်းကလေးစကြာ"ရေသို့လားစဉ်က၊ ပြေဗဟို့ဘုရားဆိုတဲ့ ရွှေဘို့တမှားပေပေါ့ အများပြည် မအေးစရာ (စန္ဒာရယ်) အမေတို့အဖွားတောင်မှ မိုသေးတာ။ ။

(၂) (အော်) အပျက်အပျက်နှင့်နစ်ရတဲ့ အထက်ခေတ်ဆီက သက္ကရာဇ်မှာတော့ တွက်စစ်လျှင် တမင်မဖြောင့်ချင်တဲ့ အကြောင် ထောင့်နှစ်ရာ နှစ်အထူးတွင်မှ၊ တန်းခူး ပုဏ္ဏမီ တိထိအထွက်ပေပ၊ ခြောက်ရက် အမှောင်သန်းပြန်သနဲ့

နောက် ဆက်  တဘောင် နှင့်  လွမ်း လောက် အောင်၊
အောင်ပန်းတကြိုင်ကြိုင် အထက်အညာမှာသင်းပေတဲ့
ညောင်ရမ်းပိုင် “စကြာ”သနင်းရယ်နှင့်၊ ကနက်ဘမရာ
နှင်းစရာ အသရေလှပေတဲ့၊ ရွှေ“မြတောင်”မဟာသေ့း
တို့မှာဖြင့်၊ နေ-လ-နှစ်ဆောင် ကြမ္မာ မှေးချိန်ထင့်၊
(ဩော်) မြန်မာအရေးတွေမို့ တခါတခါလဲ တွေးမိပေ
သပေါ့၊ “ဒကာရေး”ဆိုသူ ဆံရှည်ဗိုလ်တို့နှင့် မြန်ပြည်
တခိုကို ကြံစည်သကိုလို့ မှတ်လေတော့၊ ဘုန်းပြောင်
ပြောင် ကုန်းဘောင်နတ်ကယ်က၊ရေလယ်မှာ သေဟယ်
လို့ သတ်စဉ်က၊ မင်းဇာတ် ရာဇဝင်နှင့်၊ ဩော်....
အချင်းချင်း အသတ် အဖြတ် တွင်ဖြင့် ပညတ် ကမ္ဘာ
တွင်ဘို့၊ ပထဗျာ“ငလျင်” အင်းအန့် ယင်းသို့လှုပ်သမို့
“ငရိုင်း”ပေထင့်၊ အညာတခွင်တပြင် မင်းသို့ ကျုပ်တို့
စစ်ကိုင်းဆီက၊ တိုင်းပြည်မှာ သမိုင်းအရှည်မဟောင်းနိုင်
တဲ့ပြင်၊တောင်းဆု ကော်ရော် ပတ္တနာ သူမှာ အကျွတ်
များစေတဲ့၊ “ကောင်းမှုတော်” တဆူကသာ အလွတ်
ထားပါလို့ “ပတ္တမြားစေတီ”ဘုံအမတရဲ့ပြင်“ပုညရှင်”
“ထူပါရုံ”နှင့် ဇမ္ဗူမြန်မာဘုံ ရှိရှိသမျှဘုရားတို့မှာဖြင့်
သူသူငါငါ အစုံ တပည့်မတို့လဲမတားနိုင်ဘူး၊ ဩော်....
ပဝေအတိတ်ယမန်က နေဟိတ်ဖန်ခဲ့တဲ့၊ ပရမေထိပ်ပန်
ရွှေနိဗ္ဗာန်သို့လားသည့်သို့၊ ဩော်....မကြံသာ မဖန်သာ
နှင့်၊ ကံအရာပေထင့်နှော....မဏ္ဍလာသည်အပူမှာ မလွှာ
ပြည်သူတွေနှင့် မခြားအောင်ပ၊ သနားဖွယ် သမယ
အခါပေနော်ကွယ်....ဘုရား ကယ်ပ, သိကြား ကယ်ပ
တွေနှင့် အားငယ်ကြရှာ။ ။

(၃) ထာဝရတဘာသာ ကန်ခိုးအာဏာသျှံပြန်သနဲ့၊ သာသနာ့ဒါယကာ ကိုးရာမဲ့ချိန်မို့၊ အမျိုးမြန်မာမကွဲ့ သွားစရာအလှဲ့ အတန်းကျကျပြီး တန္တမ်းနှမ်းတလျှလျှနှင့် မချမ်းမမြ, ပန်းကြသဟာ မန်းနဂရအညာမှာတော့ မြန်မာ့ဗိမာန်ကုလား (အိုက္ကယ်) အလွမ်းဘဝ လွမ်းမကွလို့ တမှန်းမှန်းဆဆပြီး ( ဩဘ် ) ဘန်းမျှော့ဆရာရယ်က ခဏ့ခဏ့ တတ့တနှင့် ဓမ္မအဓိဋ္ဌာန်ပွား။ ။

အမရပုရ စတုတ္ထနန်းစံ ပုဂံမင်းသည် ကုန်းဘောင်မင်းလက်ထက် စကြာမင်းကလေး ရေချစဉ် မြေငလျင် ပြင်းထန်စွာလှုပ်သဖြင့် အမရပုရနေပြည်တော်နှင့်တကွ စစ်ကိုင်း, အင်းဝရှိတန်ခိုးကြီး သမိုင်းဝင် စေတီ ပုထိုး အများအပြား ပြိုပျက်တော်မူခဲ့ရာတွင် ဤထူပါရုံဘုရားလည်း တဆူအပါအဝင် ပျက်စီးလေသည်။ ပြိုကျနေသော အုဋ္ဌမျှားကို ဖယ်ရှား ဖျက်သိမ်းပြီးလျှင် ပထမ့အုဋ္ဌမြစ်က စ့ချ၍ အသစ်တဖန် ပြန်လည်တည်ခဲ့ရာထူပါရုံဘုရား ပထမ့ဌာပနာသွင်းရန် ရွှေဆင်းတု, ငွေဆင်းတု, ကျောက်ဆင်းတု စုစုဆူရေပေါင်း ၁၆၀၀-ကျော်များကိုလည်း အခင်းအကျင်း ပွဲသဘင်များနှင့် ထမ်းစင်မှာ တင်ဆောင်ပြီးလျှင်၊ ထွက်တော်မမူမီ တရက်ကတင်ကြိုပို့ထားစေ၍ သက္ကရာဇ် ၁၂၁၂-ခုနှစ် တံပို့တွဲလဆန်း (၁၃) ရက်နေ့တွင် ဘဝရှင်ပုဂံမင်းတရားသည် မင်းမိဖုရား, မင်းညီမင်းသား, စော်ဘွားမှူးစား, မှူးတော်မတ်တော်,ဗိုလ်မှူးတပ်မှူး,ရဲမက်အပေါင်းတို့ခြံရံလျက် ခမ်းနားကြီးကျယ်စွာ ထွက်တော်မူကြီး ထွက်တော်မူ၍ ကိုယ်တိုင်တော် ဌာပနာသွင်းတော်မူသည်ဟု ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီးတွင် ဆိုထားသည်။

ပုဂံမင်းတရားသည် ဤထူပါရုံစေတီကိုသာ ပြုပြင်တော်မူခဲ့သည်မဟုတ်၊ စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှ ရေဆိပ်မှသည် ရှင်ဖြူရှင်လှဘုရားအထိ ခရီးတမိုင်ခန့် ရှည်လျားသော စောင်းတန်းကြီးကိုလည်း အမိုး-အကာ လက်ရုံးနှင့်တကွ ပြုလုပ်တော်မူစေသည်။ ဥမင်သုံးဆယ်ဘုရားကိုလည်းပြုပြင်ခဲ့သည်။ စစ်ကိုင်းတောင်ထိပ်၌ ဗောင်းတော်ကျ စေတီတဆူကိုလည်း အသစ်တည်ခဲ့သည်။

ပြည်သူအများအကျိုးငှါ တောင်ရိုးအရှေ့ဘက်တွင် ကြက်ထောင့်အင်း၊ ဒါးမကျအင်း၊ ညောင်ပင်သာအင်း၊ မြစ်စွက်အင်း တောင်အင်းများ။ တောင်ရိုးအနောက်ဘက်တွင် ဆင်ဖြူကန်အင်း၊ ကောင်းမှုတော် အနီး တန့်တည်အင်း၊ မြောင်းအင်း၊ တုန်းအင်း၊ တောင်ရင်းအင်း၊ ရေမြက်ကြီးအင်း တို့ကိုလည်း တူးဖော်ပြုလုပ်ခဲ့သည်။

ထိုစဉ်က ဓမ္မိကချောင်၌ သီတင်းသုံးသော ထွဋ်ခေါင်ဆရာတော်အား လျှောက်ထားလျှက် ရေသတ္တဝါ အများကိုဘေးမဲ့လှူသည်။

၁၂၁၆-ခုနှစ်၊ တောင်ရိုးအနောက်ဘက် ကောင်းမှုတော်မှအရှေ့မြောက် စာရေးရွာတိုင်အောင် တောတောင်အရပ်များ၌ ကျက်စားသော ငှက်တိရစ္ဆာန်တို့နှင့် သားသမင်တို့အား သတ်ဖြတ် ဘမ်းဆီးခြင်း ဘေးရန်မရှိစေရကြောင်းနှင့် ထွတ်ခေါင်ဆရာတော်အား ဘေးမဲ့လှူကြောင်းများကိုလည်း အဆိုပါရာဇဝင်တော်ကြီး၌ ဖေါ်ပြချက်ရှိလေသည်။

## မျက်မှောက်ခေတ် ထူပါရုံ။

နောက်ဆုံး ပုဂံမင်းတရားသည် ရွှေထီးအထွတ်တင်လှူသည် အထိ အပြီးသတ်ပြုပြင်ခဲ့သော ထူပါရုံကို ယခုမျက်မှောက်ခေတ် မျက်မြင်ဖူးတွေ့နေကြရပေသည်။ တတိယပစ္စယာသုံးဆင့်အထက်မှ ပြိုကျနေသည်ကိုကား မည့်သည့်ခေတ် လက်ထက်ဟူ၍ ခန့်မှန်းရန် ခဲယဉ်းလှပေသည်။

သို့ရာတွင် အင်္ဂလိပ်မင်း လက်ထက်၊ ၁၉၁၀-ခု၊ ဧပြီလ (၁၀) ရက်နေ့က အစပြု၍ ရောဝတီ မြစ်ကူး သံတံတားကြီး ဆောက်လုပ်မည့်အခါ လမ်းနှင့်မလွတ်ကင်းသော ဘုရား ပုထိုးများ, ပြာသာဒ် တံဆောင်း, သိမ်ကျောင်း တိုက်တာများ ဖျက်ဆီးဖြိုကြရလေသည်။

ဖြိုဖျက်သော စေတီပုထိုး သိမ်ကျောင်း တိုက်တာများမှ မွေတော် ဓာတ်တော် ရွှေငွေရတနာ အဘိုးတန် ရုပ်ပွားတော်များ၊အခြား ရှေးဟောင်းပစ္စည်းများကို အသစ်တဖန် ကိန်းဝပ်တော်မူနိုင်ရန်အစီအစဉ်ပြုလုပ်ကြရပေသည်။ ထိုအခါထူပါရုံကြီးသည် ပစ္စယာသုံးဆင့်မျှနှင့် မပြီးမပြေရှိသည်တွင် ဌာပနာတိုက်ဖွဲ့လျက် ဌာပနာသွင်းထားကြရန်နှင့် တည်ရင်း ပုံစံတော်အတိုင်း အသစ် ပြင်ဆင်ကြရန် ကြံစည်ကြကြောင်း ဓာတ်ပေါင်းစေတီ ကျောက်တိုက်တော်သမိုင်းစာတမ်းအရဆိုလျှင် တတိယပစ္စယာ မျှသာရှိနေကြောင်းထင်ရှားလှပေသည်။

မီးရထားလမ်း သွယ်တန်း၍ဖေါက်လုပ်သောအခါ၊ကမ်းနားစကုမော်အရပ်ရှိ၊ ရန်အောင်မြင်ဘုရားနှင့် စေတီတရံ ကြီး,ငယ် (၉)ဆူ၊ ရင်းတောင်ဘက် ဘုရားကလေး(၂)ဆူ၊ရွှေပြည်ဆိပ်ဦး

ဘုရားနှင့် အာရုံခံတန်ဆောင်း၊ ခဝါရုံကျောင်းအနီးရှိ စေတီ တဆူ၊ အုဋ်တိုက်ရွှေဘုရားနှင့် ၎င်းအပါးကပ်၍ ဘုရားကလေး တဆူ၊ ပန်းဘဲတန်း ရှင်မဟာသီလဝံသ အရိုးအိုးစေတီတဆူ၊ စုစုစေတီကြီးငယ် ဆူရေ(၁၇)ဆူ၊ လက်ခုပ်ပင်သိမ်အုဋ်တိုက်ပါ ရွှေပြောင်းကြရပေသည်။ ရွှေစရိတ်ငွေပေါင်း သုံးသောင်း ကိုးရာကျပ်ကိုလည်း အင်္ဂလိပ် အစိုးရတို့က ထုတ်ပေးကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားချက်အရ သိရပေသည်။

## ဒီပါမြေ ဆရာတော် ဦးဆောင်သော ထူပါရုံ ဂေါပကအဖွဲ့။

"တောင်ကျွန်းဗဟို၊ ၊အောင်ခွန်းဆိုပိမ့်၊ ရွှန်းစိုအုံ့မှိုင်း၊ မြို့ရည်ဆိုင်းလျက်၊ ရှုတိုင်းသာယာ၊ မြစ်ရောနှင့်၊ သေလာရုံဝန်း၊ ပတ်လည်ထွန်းသား၊ စံကွန်းအောင်မြေ ထောင်ရောင်နေမျှ၊ ရွှေပြည် အင်းဝ၊ စိုးပိုင် သသည်၊ "နရပတိ"စောဘုန်းရှိလျှင်၊ ဘူမိနက်သန်၊ နိုင်းလောက် တန်၍၊ မြေကြန်ပျံ့လှိုင်း၊ မြို့စစ်ကိုင်း၌....

သမိုင်းတင်ရာ၊ နှစ် ကောဇာမူ၊ ရှစ်ရာ ခြောက်ခု၊ ခါရတုတွင်၊ညွှန်းဆုရည်မြှော်၊သောင်းလုံးကျော်အောင် ဘွဲ့တော်နာမ၊"လောကမှန်ကူ"သယမ္ဘူတည့်၊"ထူပါရုံ" မည်၊ တွင်ရှင့်ဖြင့်၊ စေတီတည်ထား၊မင်းဆက်များတို့၊ ဆင့်ပွားကုသိုလ်၊ ပျက်စီးပြိုသော်၊ နဂိုမူလ၊ ဥာဏ်တော် ပြလျှင်၊ တရာ့သုံးဆယ်၊ လွန်သပွါယ်အောင်၊ အံ့ဖွယ် မညီး၊ရွှေတိုပြီး၍၊ ရွှေထီးထွတ်တင်၊အောင်ပွဲယင်ခဲ့....၊

## စကားပြေ။

အင်း ၉-အင်းတို့၏ အဝတွင်၊ ရွှေနန်းမြို့တော်ကို စ,တည်ထောင်တော်မူခဲ့သဖြင့် "အင်းဝနေပြည်တော်" ဟု ခေါ်ဝေါ်သမုတ်ပြီးလျှင် မင်းဆက်ပေါင်း ၃၃-ဆက်တို့ စိုးစံတော်မူကြရာ အင်းဝ,နေပြည်တော်တွင် ဘုန်းသမ္ဘာ လက်ရုံးတော်စွမ်းဖြင့် ထီးနန်း စိုးစံတော်မူခဲ့သော ဘုရင်နရပတိ မင်းတရားသည်—

သက္ကရာဇ် ၈၀၆-ခုနှစ်၌ လောကမှန်ကူ ဘွဲ့တော်တဆူဖြင့် အများသိရှိကြပြီးဖြစ်တဲ့ "ထူပါရုံ"စေတီ မြတ်ကြီးကို ဦးစွာ ပထမ,တည်ထားပူဇော်ပါတယ်။

ထိုနောက် ၉၅၂-ခုနှစ်၊ လျှောင်လှုပ်၍ ပြိုကျသဖြင့် အင်းဝမင်းရဲကျော်စွာက တကြိမ်။

၉၉၉-ခုနှစ်၊ လျှောင်ဘေးဒဏ်ကြောင့် တဖန် ပျက်စီးရာ ရာဇမဏိစူဠာ ကောင်းမှုတော်ဒါယကာ သာလွန်မင်းကတကြိမ်။

၁၁၄၃-ခုနှစ်၊ ဘိုးတော်ဗဒုံမင်း က တကြိမ်၊ နောက်ဆုံး ၁၂၁၂-ခုနှစ်၊ ပုဂံမင်းလက်ထက်မှာဆိုလျှင် "နံကိုင်းနန်းဦး၊ ရောင်မြူးနိတုံ၊ထူပါရုံလည်း၊မြေပုံအသွင်"စတဲ့စဉ့်ပါဆရာတော် ရတုပိုဒ်စုံအတိုင်း ထူပါရုံစေတီ လျှောင်လှုပ်ခြင်းခံရ၍ အပြိုကြီး ပြိုပြီး, အပျက်ကြီး ပျက်စီးတော်မူပြန်လေတော့၊မူလဥာဏ်တော် အတောင် ၁၃၀-မှ ဥာဏ်တော်အတောင် ၁၃၅-အထိ မြင့်တက်ပြီး, မင်းအသီးသီးတို့က ဥာဏ်တော်မြင့်တက်၍ ပြုပြင်တည်တော်မူကြပါတယ်။ သည်လိုဖြင့် နရပတိမင်းမှ ပုဂံမင်းအထိ မင်း-၅-ဆက်တိုင်တိုင် ခိုင်ခန့်အောင် တည်ထား ပူဇော်ခဲ့တဲ့ ထူပါရုံစေတီကြီး ဖြစ်ပါတယ်။


## ရတု—ပြန်ဆက်။

ရာဇဝင်ဆက်၊ မင်းငါးဆက်တို့၊ ဆင်းသက်မွေ့ပုံ၊ ထူပါရုံသည်၊ ကြည်ယုံနတ်လူ၊ မပြတ်မူ၍၊ "ကျေနတိ"သတ်၊ စွန်းလတ် ဂေါဟာ၊ ထောင့်သုံးရာ၏၊ ပြာသိုလပြည့်၊ တိထိလှည့်၍၊ ခုံပြည့်ခါမှီ၊ တပသီပြင်၊ ဇော်ဂျီ ဝိဇ္ဇာ၊ ပြဟ္မာ သိကြား၊ နတ် နဂါးနှင့်၊ အမျှားကျိုးမြှော်၊ မြတ်ဘိုးတော်တို့၊ နှိုးဆော်ကူညီ၊ ပါရမီရှင်၊ ကုသိုလ်ရှင်လည်း၊ အောင်မြင်စေရာ၊ ရည်သန်ကာဖြင့်၊သာသနာပြုခေါ်တွင်မှုကား၊ သမုတိလျာ၊ "ဒီပါအေးမြ" ထေရဘုန်းမော်၊ ဆရာတော်သည်........

## စကားပြေ။

တတိယ ပစ္စယာ အဆင့်ထိသာ ကြွင်းကျန်ပြီး အုဋ္ဌပုံအတိငုံးတိတိဖြစ်နေသော ထူပါရုံစေတီကြီးကို ယခုမျက်မှောက်ခေတ်တွင် တွေ့မြင်နေကြရပါတယ်။

မင်းငါးဆက်တိုင် ဆက်လက် ပြုပြင် လာသော်လည်း မျက်မြင်ဖူးတွေ့နေကြရသည့်အတိုင်း တည်ရှိနေသော ထူပါရုံကို စစ်ကိုင်း နာဂပဗ္ဗတ တောင်တန်းရှင်ဖြူ-ရှင်လှဘုရားကြီး ပြန်လည်ပြုပြင်သော ဒီပါအေးမြ သာသနာပြုဆရာတော် ဦးနန္ဒသိရီသည် မိမိ၏ သီလ သမာဓိ ဂုဏ်များကို အကြွင်းမဲ့ သက်ဝင် ယုံကြည်တော်မူသည့် အားလျော်စွာ ပါရမီရှင် ကုသိုလ်ရှင်များအား နှိုးဆော် မေတ္တာရပ်ခံလျက်....



မြှုပ်ပြင်တည်ဆောက်ပြီးစီးမည့် လူပါရုံဘုရားကြီး၏ မူလ-ပုံတော်။

၁၃၂၉-ခုနှစ်၊ ပြာသိုလပြည့်နေ့မှစ၍ ၅-ရက်တိုင် ပွဲလမ်းသဘင်များဖြင့် သိုက်မြိုက် ခမ်းနားစွာ ကျင်းပလျက် တတိယပစ္စယာ အဆင့်မှ တဆင့် တက်ပြီးလျှင် တော်လှန်ရေး အစိုးရ ယဉ်ကျေးမှု ဌာနမှ ခွင့်ပြု သဘောတူညီချက် အရ၊ ဆက်လက်ဆောင်ရွက် ပူပြင်ပြန်ပါတယ်။

မင်းအဆက်ဆက် ခေတ်အဆက်ဆက်မှာ ပြုပြင် နိုင်စွမ်းသူ ဘုန်းကံသမ္ဘာ ပါရမီထူး ပုဂ္ဂိုလ်ကျော်များ မထွန်းပေါ်မီအချိန်က ဗုဒ္ဓဘာသာဝင် သူတော်စဉ် တို့၏ စိတ်နှလုံးမှာ ယူကျုံးမရ ရှိနေကြရှာပါတယ်။

ထူပါရုံ စေတီကြီး အပြီးတိုင် ပြုပြင်မည့် ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာစေရန်အတွက် ထိုစဉ်က ဆရာကြီး သခင် ကိုယ်တော်မှိုင်းသည်....

"ဩော် .... ထူပါရုံ—ထူပါရုံနှင့်၊ ဇမ္ဗူမြိန်မဘုံမှာဖြင့်၊ သူသူငါငါအကုန်၊ ဘုန်းမရှိဘာကြောင့်၊ ငုံးတိတိကြီး ဖြစ်နေတော်မူပုံကို...." စသည်ဖြင့် လှမ်းဆွတ်တမ်းတ၍ မြွှော်မှန်းသည့်အခါ တပည့်မကြီး ဒေါ်ဥတ္တရာကလည်း။ "တပည့်တော်မတို့ ကံကောင်းတဲ့အခါမှာ ထူပါရုံရှင်ပင်ကို ပြင်ဆင်နိုင်လိမ့်အုံးမြပါ့ဘုရား...."စသည့် စကားဖြင့်

ပြန်လည်၍ ဆရာကြီးအား တဖန် အားပေးစကားလျှောက်ထား ပြန်ပါတယ်။

ထို့ပြင်.... "စကြာမင်းလေး ရေချုပ်နှင့် ထူပါရုံ" စသော ဘုရားတိုင် မဟာကဗျာ လေးချိုးကြီးကိုလည်း ရေးသားဖွဲ့ဆိုခဲ့ရာ ထူပါရုံပုံပြင်မည့် ပုဂ္ဂိုလ်ထူးအား ဘမ်းတဲ့မြေဒ်မိပုံမှာ ယခုအခါ ဟပ်စပ်လျက် နေပြန်ပါတယ်။

**ဆရာကြီး မှန်းဆ မြေဒ်မိပုံက....**

(၄) ယင်းအခါ "အလင်းမြန်မာ" မတော့၊ တင်းတင်းမာမာ အဖြောင့်ဆုံးပေမို့၊ "သောင့်သုံးထောင်" သီသီကျော်သနဲ့၊ ပြည်ခပေါ်မှာ ပါဝါနှင့် ဟိန်းနိုင်တဲ့၊ ဗြဟ္မာ ကိန်းတနည်းအလာမှာ၊ ပလ္လင်အသစ်တွင်မှ (ကျုပ်တို့ရဲ့) "ဒကာစိမ်း" ကြီးသာ-ရှင်ဘုရင်ဖြစ်လျှင်ဖြင့်၊ ပြင်ဖြစ်မယ်—ထင်သာ ထင်လို့မို့၊ ဝက်ပါတခွင်-သုဂတိ နတ်ရွာတောရဲ့ပြင်—မြင်မြင်ကရာမှာပင်—အရှင် ဆရာသခင်—စုမိစပ်ရာ ပြောမိပေသပေါ့၊ (အော်) အဟောသိ အဟောသိနှင့်နှမြောမိသော်လဲ—လောကီမြန်မာ တပိုင်မဖြင့်၊ ဗောဓိမဏ္ဍိုင်သို့၊ ကြံနိုင်သူ **အဆင်**မတဲ့ချိန်မို့၊ ပြင်မဲ့သူပေါ်ပါစေလို့- အကြင်တကဲ့လူ-မြေဒ်ကာနေသမို့-မဟော်သဓါကဝေ-ပုဆိုးအစုတ်စုတ်နဲ့-အိုးလုပ်တဲ့ ကမ္ဗောဇန်းရယ်နှင့်၊ တော်ရာရော်ရာမလေ-တမျိုးမဟုတ်-တမျိုးဟုတ်မှာပေါ့လို့၊ ရိုးကုပ်ကုပ်နဲ့ လွှမ်းရသူမဖြင့်၊ ဘန်းဒကမထေရီ အသွင်-ရွှေတညီခင်တို့နှင့်- စေတီယင်ပြင်—ထံတော်မှောက်တွင်ဖြင့်၊ သံထောက်ကဗျာချိုချိုနှင့်၊ ပန်လျှောက်ခါပတ္တနာဆိုမိပေါ့-အာကာတခိုမှာ-ပြာပြာ ညိုညိုမှိုင်းပါလို့၊ ဝနာအရှိုရှိုမကွာ-ရွာမလိုဝိုင်းပြီမို့၊ (အမယ်မင်း)

ကိုင်း, အနို့တကဲ့ဖြူပြာ,မူရာ,သူဇာပု အလားတို့နှင့်၊
မဆိုင်းသမို့တလှဲ-ဂူဟာရဂုံ တူမကွာအစုံသွားရပါတော့
(အော်) သမိုင်းညို့ရှာတဲ့ - စစ်ကိုင်းမြို့ဆီက—မှိုင်းတို့ရဲ့
ထူပါရုံဘုရား....။

## ရတုပြန်ကောက်။

"ထေရဘုန်းမော်၊ ဆရာတော်သည်၊ ငါသော်ရှေ့ရှူ၊
ဆောင်ရွက်ပြုက၊မမှုစတမ်း၊ဇောပြဋ္ဌာန်းလျက်၊ အောင်
ခန်းဓါတ်စည်၊ဖွင့်တော့မည်ဟု၊ရည်သန်တောင့်တ၊ဇွဲလုံ့
လဖြင့်၊ ဘဝ,နောင်ကို၊ကောင်းစေလို၍၊ မဂ်ဖိုလ်ထီးဖြူ၊
ရှစ်စင်းထူလျက်၊ဇမ္ဗူကျွန်းလုံး၊သိမ့်သိမ့်ချုံးမျှ၊ ညွှတ်ရုံး
သဘင်၊ရွှေထီးတင်ထိ၊အောင်မြင်စိတ်ထား၊ သဒ္ဓါပွားရှိ၊
အများပူဇော်၊ ဆုကြီးမြော်လျက်၊ နှုံးဆော်အောင်ခွန်း၊
ဗျာဒိတ်ညွှန်းသည်၊ မော်ကွန်းမင်္ဂလာပါ ဘုရား...."။

ထူပါရုံစေတီ ပြန်လည်အုဌ်မြစ်ချ မင်္ဂလာ အခမ်း အနားမှ စ၍ နေ့စဉ်အလှူခံရာ၌ ဤသမိုင်းပြုစုသူသည် ဖေါ်ပြပါကေပိုဒ် ရတု လင်္ကာကို ဖွဲ့စပ်လျက် သာ သ နာ့ အ ကျိုး တော် ဆောင် ဦးအောင်တင်အားအဖွဲ့မှတာဝန်ပေးအပ်ချက်အရ "တိတ်ရကော် တာ"ဖြင့် အသံသွင်း ထားလေသည်၊ ငြိမ့်ညောင်း သာယာသော သဒ္ဒအသံကြောင့် အများရှင်လူ ကြားရသူတိုင်း နည်းများမဟူ ထည့်လှူသော အလှူငွေများလည်း ရရှိနေသည်။

**ဂေါပကအဖွဲ့စာရင်း။**

(က) တာဝန်ခံ နာယကဆရာတော်—

(၁) ဦးနန္ဒသီရိ၊ ဒီပါအေးမြဆရာတော်၊ ရှင်ဖြူရှင်လှဘုရားကြီး၊ စစ်ကိုင်းတောင်ရိုး။

(၂) လူ—နာယက၊ ဦးထွန်းအုံ (ပင်စင်စား) စစ်ကိုင်းမြို့။

(ခ) လုပ်ငန်းအမှုဆောင်အဖွဲ့—

(၁) ဥက္ကဋ္ဌ—ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌ။

(၂) အတွင်းရေးမှူး—ဦးလှပိုင်၊ သာသနာရေးအရာရှိ။

(၃) တွဲဘက်အတွင်းရေးမှူး—ဦးလှထွန်းအောင်၊ ဒိစတြိတ်ကောင်စီ အတွင်းရေးမှူး—စစ်ကိုင်းမြို့။

(၄) ငွေထိမ်းနှင့် စာရင်းကိုင် ဦးချစ်မောင် [ဇောတိကစာဘိုး] စစ်ကိုင်းမြို့။

(၅) စာရင်းစစ်—ဦးဘမောင်၊ စသုံးလုံးအရာရှိ စစ်ကိုင်းမြို့။

(၆) ” ဦးဘင်ဝင်း၊ လက်ထောက်မန်နေဂျာ ”

(၇) ” ဦးသိဟန်၊ ကုန်သွယ်ရေးဌာန ”

(၈) ဦးကျော်သွန်း-အင်ဂျင်နီယာဝန်ထောက် ပလက ”

(၉) ဦးမြင့်အောင်—ရှေးဟောင်း သုတေသန ဝန်ထောက် မန္တလေးမြို့။

(၁၀) ဦးသိန်းအောင်—ဒု၊ အင်ဂျင်နီယာ၊ ဒိစတြိတ်ကောင်စီ၊ စစ်ကိုင်းမြို့။

(၁၁) ပန်းရံအဖွဲ့ ခေါင်းဆောင်၊ ရှင်ဖြူရှင်လှ တည်ဆောက်ရေးအဖွဲ့ စစ်ကိုင်းတောင်ရိုး။

(ဂ)အရံအလုပ်အမှုဆောင်များ။

(၁) ဦးဘသောင် [ပင်စင်စား] စစ်ကိုင်းမြို့။
(၂) ဦးဘခိုင် ။ ။
(၃) ဦးထွန်းသောင် [ထွန်းသောင်ကော်ဖီ] ။
(၄) ဦးဘခင် [ပင်စင်စား] ။
(၅) ဦးမောင်မောင် မန္တလေး။
(၆) ဦးဝင်း ။
(၇) ဦးအောင်သိန်း မန္တလေးတို့ ဖြစ်လေသည်။

## ( သမိုင်းနိဂုံး )

၁။ သုံးဆယ်စုန်းလာ၊ ထောင့်သုံးရာ အခါလနတ်တော်။

၂။ စန်းပုဏ္ဏမီ၊ မိဂသီ တိထိပြည့်လတ်သော်။

၃။ ချမ်းအေးရတု နှင်းထုစု၊ ခနုရာသီပေါ်။

၄။ သဇင်ဂမုန်း၊ နတ်ပန်းကုံး၊ မြတ်ဆုံးရှိပူဇော်။

၅။ ဆန်းတဆဲ့ငါး၊ ဆင်မင်းအား၊ နေ့ကားရက်မှတ်သော်။

၆။ အစ,အဆုံး၊ ကမ္ပတ်ဖုံး၊ နိဂုံးချုပ်ပြီနော်။

၇။ ရောင်မြူးနိတုံ၊ ထူပါရုံ၊ လုံးစုံပြည့်ခဲ့သော်။

၈။ ဤစာပြုရ၊ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ-ဖြစ်လေရာ၊ ပညာဆုကြီးမြော်။

၉။ မြို့တော်ဇေယျုံ၊ နေတုံအခါ၊ သာသနာ့ဝန်၊ များတာဝန်ကို၊ အားသွန်အင်စိုက်၊ ချိန်အားခိုက်တွင်၊ ပျော်ပိုက်စာပေ၊ မွေ့လျော်ပေ၍၊ ရေး,ဖြေ မပျက်၊ စာလည်းကျက်ရင့်၊ သဘက်တခါ၊ ဂါထာပရိတ်၊ မဆိတ်ညံ့ညံ၊ ကြုံကြုံကြည့်ကြည့်၊ ပြည့်အောင်ဖြည့်လျက်၊ လှည့်လည်မလတ်၊ မေတ္တာခေါ်တ်ဖြင့်၊ လူနတ်ကြည်ယုံ "ထူပါရုံ" အားစေ့စုံခြားပိုင်း၊ ဤသမိုင်းကို၊ ဂိုဏ်းလယ်တီနွယ်၊ ဆိုလောက်ဖွယ်လျှင်၊ နိကာယ်ပါဠိ၊ ဓမ္မာစရိယ၊ ဖွဲ့ရအကျော်၊ ထုတ်ဖေါ်ရေးသက်၊ သမိုင်းတွက်ဖြင့်၊ နှစ်သက်စေရာ၊ ပျို့ကဗျာပြင်၊ လင်္ကာစကားပြေ၊ နှစ်ထွေရောပြွမ်း၊ လျောက်ချီးမွမ်းလျက်၊ မှတ်တမ်းစဉ်လာ၊ တင်~~ဆက်ပါသည်၊ ခရွာနေ~~မဉ်ကွန်း ကမ္ဘည်းတည်း။ ။

ဤတွင်—ထူပါရုံဘုရားသမိုင်း ပြီးပြီ။